# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၈)ရက် ၊ ကြာသပတေးနေ့ ၊ (6-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်(Official State Visit)အဖြစ် ဘီလာရုစ်သမ္မတနိုင်ငံသို့ သွားရောက်မည်

စာမျက်နှာ- ၁၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးH.E.Mr.Andrei Removich နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich တို့ တွေ့ဆုံဆွေးနွေးစဉ်။




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်
Exhibition Venue Award ရရှိခဲ့သော
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ
ရရှိနိုင်သောဝန်ဆောင်မှုများ
ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။
(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉-၆၆၇၈၉၉၉၉၁၊ ၀၉-၆၆၇၈၉၉၉၉၂

# ဇေယျာသီရိမြို့နယ် ပေါက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေး

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူတောကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ဦးကို ငွေကျပ် ၁၀၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၉၃ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၆၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၇၉သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေဘ်လူး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ညီမ မမိုမိုဝင်းက အစ်ကို ဦးသက်မြင့်အား ရည်စူး၍ ငွေကျပ် ၃၈၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံမြေထောက်ပဲ ၁၄၉၆၅ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၀ တင်းထွက်ရှိ



**ကသာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၄၉၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၅၁၇၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေထောက်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၉၆၅ ဧကရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၁၅၁၇၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေထောက်ပဲခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ဒီနေ့ထိ ၁၄၉၆၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာစတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဈေးရွာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သာစည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဈေးရွာကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဈေးရွာကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဈေးရွာကျေးရွာတွင် အရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင် ငွေကျပ် ၅၇ ဒသမ ၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပခန်းစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပခန်းစပါးအမျိုးအစား တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပခန်းစပါးအမျိုးအစား တင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ပခန်းစပါးအမျိုးအစားတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ပခန်းစပါး တင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကိုတင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ဒေသထွက် ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပခန်းစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော် (အပိုင်း-၅)

ဗိုလ်ရှိတ်(ရတနာပူရ)

**မုံတိုင်ပင်ရွာမှနေပြည်တော်သို့**

ဆရာတော်သည် ဘကြီးတော်စစ်ကိုင်းမင်း၏ ပင့်လျှောက်မှုကြောင့် နေပြည်တော်သို့ကြွရသည်။ ဆရာတော်နေပြည်တော်ကြွစဉ်က ဘကြီးတော် စစ်ကိုင်းမင်းသည် အင်းဝမြို့ကို ပြန်လည်မတည် ရသေးပေ။ အမရပူရမြို့၌သာ နန်းစံနေချိန် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်သည် မုံတိုင်ပင်ရွာမှ အမရပူရ နေပြည်တော်သို့ ဂိုဏ်းချုပ်ခန့်အပ်ခြင်းကိစ္စအတွက် ကြွရသည်။ ဆရာတော်သည် မုံတိုင်ပင် ရွာမှ အမရပူရ နေပြည်တော်သို့ကြွရန် ရေလမ်းခရီးနှင့် ကုန်းလမ်း ခရီးသာရှိသည်။ ရေလမ်းခရီးသည် မူးမြစ်အတိုင်း စုန်ဆင်းပြီး ဧရာဝတီမြစ်အတွင်းရောက်သည့်အခါ အထက်သို့ဆန်ရမည်ဖြစ်သည်။ ကုန်းလမ်းခရီးမှာ လည်း ဆင်၊ မြင်း၊ လှည်း၊ ခြေကျင်ဖြင့်သာ သွားရ မည်ဖြစ်သည်။

ဆရာတော်သည် မုံတိုင်ပင်ရွာမှအမရပူရနေပြည် တော်သို့ ကုန်းလမ်းခရီးမှကြွခဲ့သည်။ ဂိုဏ်းသံဃာ ပို့မေတ္တာစာတွင် ဆရာတော်သည် ကုန်းလမ်းခရီး စဉ်တစ်လျှောက် ခရီးစဉ်ကိုအသေးစိတ်မှတ်တမ်း တင်ထားသည်။ မုံတိုင်ပင်ရွာနှင့် အမရပူရမြို့တော် အကြား ရွာပေါင်း ၂၄ ရွာတိတိ ဖြတ်သန်းခဲ့ရသည်။ ထိုရွာ ၂၄ ရွာအမည်ကို ဆရာတော်သည် ဂိုဏ်းသံဃာ ပို့မေတ္တာစာ၌–

''မုံတိုင်ပင်ရွာ၊ ရပ်ခန်းသာမှ၊ စဉ်ကာပြသော်၊ ဂါမ ဂါမာ၊ လေးရွာတထူး၊ ရေဦးမြင်းကျ၊ နာမတူရှောင်း၊ မြင်းဒေါင်းတွင်လစ်၊ မြို့သစ်တကြောင်း၊ တပင် ကောင်းကျေးရွာ၊ သညာသမုတ်၊ နွားကုတ်တဖြာ၊ ရတနာသိဃ်၊ နာမခေါ်တွင်၊ သစ်ချိုပင်နှင့်၊ မည်တွင် ခေါ်တုံ၊ မုဆိုးခြုံပြင်တော်၊ ခေါ်ဝေါ်သုံးစွဲ၊ ဝက်လည် ရွှံနှင့်၊ မကွာမတေ၊ ငပွေးတောတဖြာ၊ သညာဝိုက်သိုင်း၊ ပလိုင်းခေါ်သုန်း၊ ဆီးဖြူကုန်းနှင့်၊ အုန္နဲပုတ်ခက်ခ၊ ဂါမပတူ၊ ရွာသစ်ဟူလိမ့်၊ ထို့တူတတန်၊ ကျောက် ပန်းစာရေး၊ မဝေးစာကျင်၊ ထို့ပြင်ရေခါး၊ ခိုတောင် အား ဖြင့်၊ လေးပါးစွန်းကယ်၊ ရွာနှစ်ဆယ်မှ၊ မြို့တော်လှ လိမ့်'' ဟူ၍ ရေးဖွဲ့ထားသည်။ ထိုမေတ္တာစာအရ ရွာ စဉ် ၂၄ ရွာကို စာရင်းချကြည့်လျှင်–

| | |
|---|---|
| ၁။ လေးရွာ | ၂။ ရေဦး |
| ၃။ မြင်းလှ | ၄။ မြင်းဒေါင်း |
| ၅။ မြို့သစ် | ၆။ တပင်ကောင်း |
| ၇။ နွားကုတ် | ၈။ ရတနာသိဃ် |
| ၉။ သစ်ချိုပင် | ၁၀။ မုဆိုးခြုံ |
| ၁၁။ ပြင်တော် | ၁၂။ ဝက်လည်ရွှံ |
| ၁၃။ ငပွေးတော | ၁၄။ ပလိုင်း |
| ၁၅။ ဆီးဖြူကုန်း | ၁၆။ အုန္နဲပုတ် |
| ၁၇။ ခက်ခ | ၁၈။ ပတူ |
| ၁၉။ ရွာသစ် | ၂၀။ ကျောက်ပန်း |
| ၂၁။ စာရေး | ၂၂။ စာကျင် |
| ၂၃။ ရေခါး | ၂၄။ ခိုတောင် |

ဟူ၍တွေ့ရ မည်ဖြစ်သည်။ ဆရာတော်သည် ထို ၂၄ ရွာကို ဖြတ် ပြီးမှ အမရပူရနေပြည်တော်သို့ ရောက်ခြင်းဖြစ်သည်။ ခိုတောင်ရွာသည် စစ်ကိုင်းမြို့မြောက်ဘက်မင်းကွန်း သွားကားလမ်းဘေး၌ရှိသည်။ ခိုတောင်ရွာအရှေ့ ဘက်၌ ဧရာဝတီမြစ်ကြီးရှိသည်။ ဆရာတော်သည် ခိုတောင်ရွာဆိပ်ကမ်းမှဧရာဝတီမြစ်ကိုကူးကာ အမရ ပူရနေပြည်တော်သို့ ရောက်ခြင်းဖြစ်သည်။ ဆရာ တော်သည် ထိုခရီးကို ခြေကျင်ကြွခဲ့သည် မဟုတ် ပေ။ လှည်းဖြင့် ကြွခဲ့သည်။ ထိုအကြောင်းကိုလည်း ''ရောက်လိမ့်ငါးညာ၊ သကဋ္ဌတည့်'' ဟူ၍ ဂိုဏ်းသံဃာ ပို့မေတ္တာစာ၌ရေးထားသည်။သကဋ္ဌဆိုသည်မှာ ပါဠိ စကားဖြစ်သည်။ လှည်းကိုဆိုလိုခြင်းဖြစ်သည်။ ထို့ ကြောင့် မုံတိုင်ပင်ရွာမှ အမရပူရနေပြည်တော်ထိ လှည်းဖြင့် ငါးညအိပ်ခရီးသွားရကြောင်း သိရပေသည်။

**အကွာအဝေး**

ဂိုဏ်းသံဃာပို့မေတ္တာစာ၌ မုံတိုင်ပင်ရွာနှင့် အမရပူရနေပြည်တော်အကွာအဝေးကို ''သဉ်္ချာတာ ပေါင်း၊ သုံးသောင်းနှင့်ခြောက်'' ဟူ၍ ရေးဖွဲ့ထား သည်။ ထိုခေတ်အမှတ်အသားအရ မုံတိုင်ပင်ရွာနှင့် အမရပူရသည် တာပေါင်း ၃၀၀၀၆ တာကွာဝေး ကြောင်း သိရသည်။ တစ်တာလျှင် တောင်အားဖြင့် ခုနစ်တောင်ရှိသည်။ ရေးမြန်မာတစ်တောင်လျှင် ၁၉.၀၅ လက်မရှိသည်။

**မုံတိုင်ပင်ဂိုဏ်းချုပ်လက်အောက်ရှိသံဃာဖွဲ့စည်းပုံ**

ကုန်းဘောင်ခေတ်တွင် သာသနာပိုင်ဆရာတော်၊ မဟာဒါန်ဝန်၊ ဂိုဏ်းချုပ်၊ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်ဟူ၍ အဆင့် ဆင့် သာသနာရေးအတွက်ဆောင်ရွက်ကြ သည်။ နိုင်ငံတော်အဆင့် သာသနာရေး ကိစ္စများကို သာသနာပိုင်၊ မဟာဒါန်ဝန်၊ လွှတ်တော်စသည်တို့က ပူးပေါင်းဆောင်ရွက်ကြရသည်။ မြို့နယ်၊ ကျေးလက် ဒေသများတွင် ဂိုဏ်းချုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ် ဟူ၍ သာသနာဂိုဏ်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာ ရေးကိစ္စများ ဆောင်ရွက်ခဲ့ကြသည်။ မုံတိုင်ပင် ဆရာ တော်ခေတ်က ဒီပဲယင်းမြို့နယ်သာသနာရေးအတွက် ဒီပဲယင်းမြို့မ၊ အရှေ့လက်၊ တောင်လက်၊ မြောက် လက် ဟူ၍ ဂိုဏ်းချုပ်ဆရာတော်လေးပါး ခန့်ထား စီရင်ခဲ့သည်။

**❖မုံတိုင်ပင်ဆရာတော်သည် ၆၈ ရွာ ဂိုဏ်းချုပ်ဖြစ်ပြီးနောက် စာသင်စာချလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မုံတိုင်ပင်ဆရာတော်၏ ဂုဏ်သတင်းသည် မုံတိုင်ပင်နယ်တစ်လွှားပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် တစ်နေ့တစ်ခြား ဆရာတော်ကျောင်း၌ စာသင်သားများ များပြားလာသည်။ ၎င်းကို ဆရာတော်က သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌ ''မုံတိုင်ပင်ဟု၊ ခေါ်တွင်မယွင်း၊ ဂုဏ်သတင်း၊ ပျံ့ခြင်းပန်းသဘွယ်၊ ရပ်ထက်ဝန်းကျင်၊ စာသင်အများ၊ ရောက်လာငြား၊ ရေနားဆိပ်သဘွယ်၊ ဘယ်တွင်မဆုံး၊တအုံးအုံး၊ပိတုန်းပျားသဖွယ်''ဟူ၍ရေးသားထားခဲ့သည်။❖**

ထိုနယ်လေးရပ်တွင် ဒီပဲယင်းမြောက်လက်ဂိုဏ်း ချုပ်သည် နယ်မြေအကျယ်ဆုံးဖြစ်သည်။ ရွာပေါင်း ၆၈ ရွာထိရှိသည်။ ၆၈ ရွာဂိုဏ်းချုပ်မှာ မုံတိုင်ပင် ဆရာတော်ဖြစ်သည်။ ဂိုဏ်းသံဃာပို့မေတ္တာစာ၌ မုံတိုင်ပင်ဆရာတော်၏ လက်အောက်၌ရှိသော ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်ဆရာတော်များကို ထည့် သွင်းရေးဖွဲ့ထားသည်။ ထိုမေတ္တာစာအရ မုံတိုင်ပင် ဆရာတော်၏ လက်အောက်၌ ဂိုဏ်းထောက်ဆရာ တော်နှစ်ပါးရှိပြီး ထိုဂိုဏ်းထောက်ဆရာတော်နှစ်ပါး ၏ လက်အောက်တွင် ဂိုဏ်းအုပ်ဆရာတော် ၁၄ ပါးရှိသည်။ ရွာပေါင်း ၆၈ ရွာကို ၃၄ ရွာစီခွဲပြီး ဂိုဏ်း ထောက်ဆရာတော်တစ်ပါး၊ ဂိုဏ်းအုပ် ဆရာတော် ခုနစ်ပါးခွဲ၍ အုပ်ချုပ်သည်။

**၆၄ ရွာဂိုဏ်းချုပ်ဟု မှားယွင်းခြင်း**

ပုံနှိပ်ထုတ်ဝေပြီးသော မုံတိုင်ပင်ဆရာတော်နှင့် ပတ်သက်သည့် စာအုပ်စာတမ်းတချို့တွင် မုံတိုင်ပင် ဆရာတော်ကို ၆၄ ရွာဂိုဏ်းချုပ်ဖြစ်သည်ဟု မှားယွင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဗိုလ်မှူး ဘသောင်း ပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိတွင် မုံတိုင်ပင် ဆရာတော်သည် ၆၄ ရွာ ဂိုဏ်းချုပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၁၉၆၅ ခုနှစ်တွင် ဟံသာဝတီပုံနှိပ် တိုက်ကထုတ်ဝေခဲ့သော သုံးပုံဟောင်းလေး၊ သုံးပုံကူးတို့၊ စာရိတ္တဝါရိတ္တဘုရားရှိခိုးကျမ်းနှင့် သုံးပုံတံတား၊ သုံးပုံ လှေကားကျမ်းတို့တွင်လည်း ၆၄ ရွာ ဂိုဏ်းချုပ် ဖြစ်ကြောင်းဖော်ပြထားသည်။ ထိုဖော်ပြချက်များ သည် မှားယွင်းနေကြောင်း အထူးရှင်းပြရန်လိုတော့ မည် မထင်ပေ။ ဂိုဏ်းသံဃာပို့မေတ္တာစာနှင့် ဂိုဏ်း အုပ်ဆရာတော်စာရင်းများအရ ၆၈ ရွာဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ကိုယ်တိုင် စီရင်ခဲ့သည့် သုံးပုံအိတ်ထောင့်ကျမ်းနိဂုံးတွင်လည်း ''ရွှေမင်းမြို့မြောက်၊ ခြောက်ဆယ့်ရှစ်ရွာ၊ ဂဏာစရိယ၊ ခေါ်ဝေါ်ကြ၊ တွင်ထမြတ်သညာ'' ဟူ၍ ၆၈ ရွာ ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။ ထို့ကြောင့် ၆၄ ရွာ ဂိုဏ်းချုပ်ဟူ၍ ဆက်လက်မမှားယွင်းသင့်တော့ ဘဲ ၆၈ ရွာဟုသာ အမှန်အတိုင်း ရေးသားသင့်ပေသည်။

**ဂိုဏ်းချုပ်နှင့် ဂိုဏ်းအုပ်**

ဤတွင်ထပ်ပြောစရာရှိသေးသည်မှာ ဗိုလ်မှူး ဘသောင်းပြုစုသော စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်း နှင့် ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိကျမ်းတို့တွင် မုံတိုင်ပင်ဆရာတော်ကို ဂိုဏ်းအုပ်ဆရာတော်ဟူ၍ ရေးသားဖော်ပြထားခြင်း ဖြစ်သည်။ အခြားစာအုပ်များတွင်လည်း ထိုကဲ့သို့ပင် ရေးသားဖော်ပြကြပါသည်။ ၎င်းမှာ ဂိုဏ်းချုပ်နှင့်ဂိုဏ်း အုပ်အဆင့်အတန်း အနိမ့်အမြင့်ကို ကွဲပြားစွာမသိ ခြင်းကြောင့်ဖြစ်သည်။ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်အဆင့်အတန်းကို အထက်တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဂိုဏ်းချုပ်အောက်တွင် ဂိုဏ်း ထောက်ရှိသည်။ ဂိုဏ်းထောက်အောက်တွင်မှ ဂိုဏ်းအုပ်ရှိခြင်းဖြစ်သည်။

ပုဂံဝန်ထောက်မင်းဦးတင်ပြုစုသော မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် ဂိုဏ်းချုပ်ရာထူးသည် သီပေါ မင်းလက်ထက်မှတိုးချဲ့လာသော ရာထူးဟုဆိုထား သည်။ သီပေါမင်းလက်ထက်၌ သာသနာရေးရာများ ဆောင်ရွက်ရန် အမှုကိစ္စများလာသဖြင့်တိုးချဲ့ခြင်း ဟုဆိုထားသည်။ ပုဂံဝန်ထောက်မင်း ဦးတင်၏ အဆိုအရမူ သီပေါမင်းလက်ထက်ထက်အရင်ကျသော မုံတိုင်ပင်ဆရာတော်ခေတ်၌ ဂိုဏ်းချုပ်ရာထူးမပေါ် သေးဟုဆိုရန်ရှိလေသည်။ အမှန်ကား မုံတိုင်ပင် ဆရာတော်လက်ထက် အမရပူရခေတ်ကာလတွင် ဂိုဏ်းချုပ်ရာထူးရှိပေသည်။ မုံတိုင်ပင်ဆရာတော် ကိုယ်တိုင်ရေးသားခဲ့သော ဂိုဏ်းသံဃာပို့မေတ္တာစာ တွင် ထိုခေတ်ကာလ၏ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက် ဂိုဏ်းအုပ်ရာထူးအဆင့်ဆင့်ခွဲခြားပုံကို ထည့်သွင်းရေး သားထားပါသည်။ ဆရာတော်ကိုယ်တော်တိုင်ရေး သားထားသောကျမ်းဖြစ်သဖြင့် မှားစရာမရှိပေ။မုံတိုင် ပင်ဆရာတော်ရရှိခဲ့သော ရာထူးသည် ဂိုဏ်းသံဃာ ပို့မေတ္တာစာအရ ဂိုဏ်းချုပ်ရာထူးသာဖြစ်သည်။

ကုန်းဘောင်ခေတ်က နယ်မြို့များတွင် သာသနာ ပြုရန် ရာထူးသုံးမျိုးသတ်မှတ်ထားသည်။ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်ဟူ၍ဖြစ်သည်။ ဂိုဏ်းချုပ် သည် အကြီးဆုံးဖြစ်သည်။ သာသနာပိုင်ဆရာတော်၊ ရှင်ဘုရင်၊ မဟာဒါန်ဝန်၊ လွှတ်တော်တို့က ညှိနှိုင်း ဆုံးဖြတ်၍ ခန့်အပ်ခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် အနိမ့်ဆုံးဖြစ်သည့် ဂိုဏ်းအုပ်ရာထူးနှင့်မှား၍ မရေး သင့်ပေ။ ဂိုဏ်းချုပ်ဟူ၍သာ အမှန်အတိုင်း ရေးသင့်သည်။

**မုံတိုင်ပင်ပြန်ကြွ**

မုံတိုင်ပင်ဆရာတော်သည် ဂိုဏ်းချုပ်စာချွန်တော် ခန့်အပ်လွှာကိုယူပြီး အမရပူရမှ မုံတိုင်ပင်ကျောင်းသို့ ပြန်လည်ကြွကာ စာချလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ သုံးပုံတံချူကျမ်း၊ သုံးပုံအိတ် ထောင့်ကျမ်းနိဒါန်းတွင် ''၁၁၈၆ ခု၊ တန်ဆောင်မုန်းလ လောက်တွင် နေပြည်တော်၊ အမရပူရမှ ကျေးလက် ဖြစ်သော ဒီပဲယင်းမြို့မြောက်လက်မုံတိုင်ပင်ကျောင်း သို့ ပြောင်းရွှေ့သီတင်းသုံးကာ တပည့်တပန်းရဟန်း သံဃာတို့ကို စာပေပို့ချတော်မူသည်ဟု ယူဆရန် ရှိလေသည်''ဟူ၍ ရေးသားထားသည်။ ဗိုလ်မှူး ဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် လည်း ထိုနည်းတူစွာဖော်ပြထားသည်။ အမှန်က မဟုတ်ပါ။ ဆရာတော်သည် ထိုအချိန်ကနေပြည်တော် တွင် သီတင်းမသုံးပါ။ ၁၁၈၃ ခုနှစ်၊ ဂိုဏ်းချုပ်စာချွန် တော်ကို လက်ခံပြီး မုံတိုင်ပင်ရွာသို့ ပြန်ကြွခဲ့ခြင်းသာ ဖြစ်သည်။ ဘကြီးတော် စစ်ကိုင်းမင်းက ဝံသာဘိ လင်္ကာရဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည့်အခါ အလုံမြို့ဝန်က မုံတိုင်ပင် ကျောင်းသို့ လာရောက်ဆက်ကပ်ရခြင်းဖြစ်သည်။ ဆရာတော်သာ နေပြည်တော်တွင်သီတင်းသုံးပါက မုံတိုင်ပင်ကျောင်းသို့ လာရောက်ဆက်ကပ်စရာ လိုမည်မဟုတ်ပေ။ ထိုတံဆိပ်ဆက်ကပ်သည့်နေ့ကို နောက်မှဆိုမည်။

**ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု**

မုံတိုင်ပင်ဆရာတော်သည် ၆၈ ရွာဂိုဏ်းချုပ်ဖြစ် ပြီးနောက် စာသင်စာချလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည်။ မုံတိုင်ပင်ဆရာတော်၏ ဂုဏ်သတင်း သည် မုံတိုင်ပင်နယ်တစ်လွှားပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် တစ်နေ့တစ်ခြား ဆရာတော်ကျောင်း၌ စာသင်သားများ များပြားလာသည်။ ၎င်းကို ဆရာ တော်က သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌ ''မုံတိုင်ပင်ဟု၊ ခေါ်တွင်မယွင်း၊ ဂုဏ်သတင်း၊ ပျံ့ခြင်းပန်းသဘွယ်၊ ရပ်ထက်ဝန်းကျင်၊ စာသင်အများ၊ ရောက်လာငြား၊ ရေနားဆိပ်သဘွယ်၊ ဘယ်တွင်မဆုံး၊ တအုံးအုံး၊ ပိတုန်းပျားသဖွယ်''ဟူ၍ ရေးသားထားခဲ့သည်။

ထိုသို့ဆရာတော်၏ ဂုဏ်သတင်းကြီးမှု၊ ပညာ ဉာဏ်ကြီးမားမှုကြောင့် ဘကြီးတော်စစ်ကိုင်းမင်း သည် မုံတိုင်ပင်ဆရာတော်ကို ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်ကို ဆက်ကပ်ခဲ့ပြန်ပါသည်။ ထိုတံဆိပ်ရရှိသောနေ့မှာ ၁၁၈၅ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့ ( ၁၈၂၄ ခု၊ မတ် ၄ ) ဖြစ်သည်။ ထို တံဆိပ်ရရှိခဲ့ကြောင်းကို ဆရာတော်သည် တံဆိပ် ဋီကာကျမ်းရေးသား၍ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ သုံးပုံအိတ်ထောင့်ကျမ်းနိဂုံးတွင်လည်း ဆရာတော် ရရှိခဲ့သော တံဆိပ်ကို ''ဝံသာဘိလင်္ကာရ၊ ခေါ်တွင်ထ၊ ဓဇပုဒ်အလယ်၊ မဟာဓမ္မရာဇဂုရု၊ သမာသ်စု၊ တွဲမူ နောက်ပုဒ်ဝယ်၊ ဆဒ္ဒန်သခင်၊ ဘုရင်မင်းမြတ်၊ ပေးတုံ လတ်၊ ပညတ်မင်္ဂလာ'' ဟူ၍ ဖွဲ့ဆိုထားခဲ့သည်။

ဆရာတော်သည် ဝံသာဘိလင်္ကာရဓဇမဟာဓမ္မ ရာဇဂုရုတံဆိပ်တော်ကို ၁၁၈၅ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့ ( ၁၈၂၄ ခု၊ မတ် ၄ ရက်)က ရရှိခဲ့ကြောင်း တံဆိပ်ဋီကာကျမ်း၌ တိတိကျကျ ဆိုထားသည်။ သို့သော် တံဆိပ်တော်ကိုကား မုံတိုင်ပင်ကျောင်းသို့ ၁၁၈၆ ခု၊ ပထမဝါဆိုလဆန်း ၈ ရက် ( ၁၈၂၄ ခု၊ ဇူလိုင် ၃ ရက်) မှ လာရောက်ဆက်ကပ်လှူဒါန်းကြောင်း တံဆိပ်ဋီကာကျမ်း၌ ဆိုထားသည်။ တံဆိပ်တော်ကို မုံတိုင်ပင်ကျောင်းအရောက် လာရောက်ဆက်ကပ်သူ မှာ အလုံမြို့ဝန်မင်းဖြစ်သည်။ ယခုရရှိခဲ့သော တံဆိပ် သည် ဘကြီးတော်စစ်ကိုင်းမင်းက ကပ်လှူခဲ့ခြင်း ဖြစ်ပြီး တံဆိပ်တော်အက္ခရာမှာ ၁၆ လုံးရှိသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ကျောက်မြောင်း မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲ၁၁၀၁၃ ကေထိစိုက်ပျိုးနိုင်ခဲ့ပြီး၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၉ ဒသမ ၁၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲ၁၁၀၁၃ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာကြပါတယ်"ဟုကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ခွဲဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကိုမျိုး တစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ပိုးသတ်ဆေးဖိုးများအပါအဝင်ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိပြီး၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ခွဲဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဟသ်ာတမြို့နယ် သန္ဓိသနော့ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဟသ်ာတ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် သန္ဓိသနော့ကျေးရွာအုပ်စု သန္ဓိသနော့ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

သန္ဓိသနော့ကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ပေ ၆၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရ ငွေကျပ်သိန်း ၁၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ်၁၃၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ယခုနှစ်ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြောပြ၍သိရသည်။

**ဇင်မာ**

## တန်ဖိုးရှိစေ မောင်တို့ရေ

- တန်ဖိုးဝင် လူသားအဖြစ်
  ထုဆစ်စို့ မောင်တို့ရေ၊
  လောကကို နေထိုင်သွား
  လှုပ်ရှားစို့လေ၊
  ဘဝအလှ မြင့်မြတ်စေ
  ချစ်မိတ်ဆွေ ကြိုးပမ်း၊
  နေ့စဉ်သာ မင်္ဂလာထုံး
  ခြယ်မှုန်းလို့လှမ်း။

- စိတ်ကောင်းဝင် ဘဝလမ်း
  သင်လျှောက်လှမ်း သည်းခံပါ၊
  တစ်နေ့ဝယ် စေတနာမိုး
  သွန်းဖြိုးလို့ရွာ၊
  ကိုယ့်လုပ်ရပ် ကောင်းဖို့ရာ
  အစဉ်သာ တွေးတော၊
  ဖြူစင်အောင် သတိမပြတ်
  ကျင့်မှတ် မနော။

- ဖြစ်ပျက်နေ တရားသဘော
  တွေးတောလို့ ဆင်ခြင်ဖွယ်၊
  ဖြတ်လမ်းကို သင်သာကြိုက်
  လူမိုက် ဖြစ်မယ်၊
  လူ့ယဉ်ကျေး ဖြစ်ဖို့ရယ်
  ရိုးသားကွယ် နှလုံးသွင်း၊
  ပန်းတိုင်ဖွေ ရိုးရိုးကျင့်
  မြင့်မြတ်ဆွေရင်း။ ။

ရွှေမြိုင်သူ (မြန်မာစာ)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# အာရပ်ခေါင်းဆောင်များ၏ ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးအဆိုပြုချက် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ ဝေဖန်



ဂျေရုဆလင် မတ် ၅

ဂါဇာကမ်းမြောင်ဒေသပြန်လည်တည်ဆောက်ရေးအတွက် အာရပ်ခေါင်းဆောင်များ ကြေညာခဲ့သည့် အဆိုပြုချက်ကို အစ္စရေးနိုင်ငံက ဝေဖန်ထားကြောင်း မတ် ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အလားတူ အာရပ်အဖွဲ့ချုပ်အစည်းအဝေး၌ အာရပ်ခေါင်းဆောင်များကြေညာခဲ့သော ဂါဇာကမ်းမြောင် ပြန်လည်တည်ဆောက်ရေး အဆိုပြုချက်ကို အမေရိကန်နိုင်ငံကလည်း ငြင်းပယ်ထားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ မတ် ၄ ရက်ကကျင်းပခဲ့သော အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေး၌ အာရပ်ခေါင်းဆောင်များကအမေရိကန်ဒေါ်လာ ၅၃ ဘီလီယံကုန်ကျမည့် ဂါဇာကမ်းမြောင်ပြန်လည်တည်ဆောက်ရေး အစီအစဉ်ကို ကြေညာခဲ့ကြသည်။

ဂါဇာကမ်းမြောင်ကို အမေရိကန်နိုင်ငံက လက်လွှဲရယူ၍ပြန်လည်တည်ဆောက်ရေး အဆိုပြုချက် ကိုတုံ့ပြန်သည့် အနေဖြင့် အာရပ်ခေါင်းဆောင်များက ၎င်းတို့၏ ဂါဇာကမ်းမြောင်ပြန်လည်တည်ဆောက်ရေးအစီအစဉ်ကို ကြေညာခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် အာရပ်ခေါင်းဆောင်များ၏ အထက်ပါအဆိုပြုချက်သည် ဂါဇာကမ်းမြောင်ရင်ဆိုင်နေရသည့် အရှိတရားကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

အာရပ်ခေါင်းဆောင်များ၏ ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအဆိုပြုချက်ကို အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က ဝေဖန်ထားသော်လည်း ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကမူ အထက်ပါအဆိုပြုချက်ကို ကြိုဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်(တိုင်ပေ)နှင့်ပေါင်းစည်းရေး ဆောင်ရွက်မည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား

ပေကျင်း မတ် ၅

တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)တို့ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးအတွက် တရုတ်နိုင်ငံက ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ယနေ့တွင်ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းအား ကြားဝင်စွက်ဖက်မှုများကိုလည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီချန်းက ပြောကြားခဲ့သည်။

ပေကျင်းမြို့၌ ယနေ့စတင်ကျင်းပနေသော အမျိုးသားပြည်သူ့ကွန်ဂရက်ညီလာခံဖွင့်ပွဲတွင် ထိုသို့ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်းကျင်းပခဲ့သော အမျိုးသားပြည်သူ့ကွန်ဂရက်ဖွင့်ပွဲမိန့်ခွန်းတွင်လည်း တရုတ်ပြည်မကြီးနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ဝန်ကြီးချုပ် လီချန်းက တရုတ်(တိုင်ပေ)ကို တိုက်တွန်းခဲ့ဖူးသည်။

တရုတ်အစိုးရသည် တရုတ်ပြည်တွင်းစစ်ပြီးဆုံးချိန် ၁၉၄၉ ခုနှစ်မှစ၍ နိုင်ငံရေးအရသီးခြားရပ်တည်ခဲ့သော တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားသည်။

တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ) ပြန်လည်ပေါင်းနိုင်ရေးအတွက် လိုအပ်ပါက စစ်အင်အားသုံးစွဲရေး မူဝါဒကိုစွန့်လွှတ်မည်မဟုတ်ကြောင်း တရုတ်အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ သမ္မတဒေါ်နယ်ထရန့် မိန့်ခွန်းပြောကြား

ဝါရှင်တန် မတ် ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတရာထူး ရယူပြီးနောက်ပိုင်း ၎င်း၏ပထမဆုံးသော ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေးမိန့်ခွန်းကို မတ် ၄ တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံခြားရေးမူဝါဒအပြောင်းအလဲများ ပြုလုပ်ပြီးနောက် ၎င်း၏ပထမဆုံးကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး မိန့်ခွန်းကိုပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရန့်၏ မတ် ၄ ရက် ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေးမိန့်ခွန်းသည် မိနစ် ၁၀၀ ကြာမြင့်ခဲ့ရာ ခေတ်သစ်အမေရိကန်သမိုင်းတစ်လျှောက် အရှည်လျားဆုံး ကွန်ဂရက်လွှတ်တော်ပူးတွဲအစည်းအဝေးမိန့်ခွန်း ဖြစ်ခဲ့ရသည်။

သို့ရာတွင် အဆိုပါမိန့်ခွန်း၌ သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံခြားရေးမူဝါဒအပြောင်းအလဲများကို မိနစ်အနည်းငယ်မျှသာ ထည့်သွင်းပြောကြားခဲ့ပြီး ပြည်ပနိုင်ငံများမှ သွင်းကုန်များကို အခွန်စည်းကြပ်ရေးအစီအစဉ်၊ လူဝင်မှုပြဿနာတို့ကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းသို့ စစ်ရေးအကူအညီများပေးအပ်မှု ရပ်တန့်ခဲ့ပြီး တစ်ရက်အကြာတွင်ပြောကြားခဲ့သည့် သမ္မတ ဒေါ်နယ်ထရန့်၏ ကွန်ဂရက်လွှတ်တော်ပူးတွဲအစည်းအဝေး မိန့်ခွန်းကို အခြားကမ္ဘာ့ခေါင်းဆောင်များကလည်း စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့ကြသည်။

သမ္မတ ဒေါ်နယ်ထရန့်၏ ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေးမိန့်ခွန်းကို ဒီမိုကရက်တစ် လွှတ်တော်အမတ်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဖိလစ်ပိုင်လေတပ်မှ စစ်လေယာဉ်တစ်စင်း စစ်ဆင်ရေးပြုလုပ်စဉ် ပျက်ကျ



မနီလာ မတ် ၅

ဖိလစ်ပိုင်လေတပ်မှ အက်ဖ်အေ-၅၀ အမျိုးအစား စစ်လေယာဉ်တစ်စင်း မတ် ၄ ရက်က ဖိလစ်ပိုင်တောင်ပိုင်း ပြည်နယ်တစ်ခု၌ သောင်းကျန်းမှု နှိမ်နင်းရေးလုပ်ငန်းများပြုလုပ်နေစဉ် ပျက်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ရကြောင်း ဖိလစ်ပိုင်လေတပ်က သတင်းထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့် လေယာဉ်အပျက်အစီးများနှင့် လေယာဉ်မှူးနှစ်ဦးတို့၏ ရုပ်အလောင်းများကို ဖင်ဒါနာအိုပြည်နယ် ကာလာတန်ဇန် တောင်ကုန်းဒေသ၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အက်ဖ်အေ-၅၀ စစ်လေယာဉ်သည် အခြားလေယာဉ်တစ်စင်းနှင့်အတူ ဘူကစ်ဒွန်ပြည်နယ်၌ စစ်ဆင်ရေးများပြုလုပ်နေစဉ် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်ပျက်ကျခဲ့ရပြီးနောက် ဖိလစ်ပိုင်လေတပ်သည် ၎င်းပိုင်ဆိုင်ထားသည့် အက်ဖ်အေ-၅၀ စစ်လေယာဉ် ၁၁ စင်းကို ပျံသန်းမှုရပ်နားထားသည်။

ဖိလစ်ပိုင်လေတပ်သည် တောင်ကိုရီးယားနိုင်ငံထုတ် အက်ဖ်အေ-၅၀ စစ်လေယာဉ် ၁၂ စင်းကို ၂၀၁၄ ခုနှစ်တွင် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယခုနှစ် ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၂ ရာခိုင်နှုန်းထိ မြှင့်တင်မည်ဟု တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်းပြောကြား

ပေကျင်း မတ် ၅

ယခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၂ ရာခိုင်နှုန်းထိ မြှင့်တင်သုံးစွဲမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ယနေ့တွင် ကြေညာထားသည်။

ပေကျင်းမြို့၌ကျင်းပနေသည့် အမျိုးသား ပြည်သူ့ကွန်ဂရက်ညီလာခံတွင် တရုတ်နိုင်ငံ၏ ယခုနှစ်ကာကွယ်ရေး အသုံးစရိတ်ကို ဝန်ကြီးချုပ်လီချန်းက ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွက် အမျိုးသားကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၂ ရာခိုင်နှုန်း မြှင့်တင်၍ ယွမ်ငွေ(၂၄၅ ဒသမ ၆ ဘီလီယံ)ထိ သုံးစွဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီချန်းက ပြောကြားခဲ့သည်။




တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား အားပြိုင်မှုပြင်းထန်လာချိန်၊ ကမ္ဘာတစ်ဝန်း၌ ပထဝီနိုင်ငံရေးတင်းမာမှုများရှိနေချိန်တွင် တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ကို ၁၀ နှစ်မြောက်အဖြစ် ဆက်တိုက်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်ကလည်း အမျိုးသားကာကွယ်ရေး အသုံးစရိတ်ကို ၇ ဒသမ ၂ ရာခိုင်နှုန်းမြှင့်တင်ခဲ့သည်။

တရုတ်နိုင်ငံသည် နယ်မြေပိုင်ဆိုင်ခွင့်အရေးဆိုမှုများ ပိုမိုခိုင်မာလာစေရေးအတွက် လက်နက်ကိုင်တပ်များ အင်အားတောင့်တင်းရေးနှင့် ခေတ်မီရေးတို့အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# Indian Wells တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကာကွယ်သွားမည်ဟု စဝီယာတက်ခ် ပြောကြား

**အင်ဒီးယန်းဝဲလ်စ် မတ် ၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပသွားမည့် Indian Wells တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး Indian Wells တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသကဲ့သို့ Indian Wells တင်းနစ်ပြိုင်ပွဲတွင် ဆုဖလားသုံးကြိမ်အထိ ရရှိထားသည့် ပထမဆုံးတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်နိုင်ရေးကိုလည်း ပစ်မှတ်ထားလျက်ရှိသည်။

စဝီယာတက်ခ်သည် ပြိုင်ပွဲတွင် ဒုတိယအဆင့်မှစတင်၍ ယှဉ်ပြိုင်ခွင့်ရထားပြီး လက်ရည်စစ်ပွဲများ အပြီး Main-draw များ ပြုလုပ်သွားမည်ဖြစ်ရာ မဲခွဲမှုရလဒ်ပေါ်မူတည်ပြီး ယှဉ်ပြိုင်သွားရမည့် ပြိုင်ဘက်ကို ခန့်မှန်းနိုင်မည်လည်း ဖြစ်သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သကဲ့သို့ Indian Wells တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပစ်မှတ်ထားနေသည့်ကစားသမား များပြားနေသည့်အတွက် စဝီယာတက်ခ်အတွက် ကြီးမားသောစိန်ခေါ်မှုများဖြင့် ရင်ဆိုင်သွားရနိုင်ကြောင်း သိ ရသည်။

Ref : Xinhua
Trs : AZL

# ချန်ပီယံလိဂ်နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် ပထမဆုံးအသင်းအဖြစ် ရီးရဲလ် မှတ်တမ်းဝင်

**မက်ဒရစ် မတ် ၅**

ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကိုအသင်းတို့ကစားခဲ့သည့် မက်ဒရစ်ဒါဘီပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မက်ဒရစ်ဒါဘီပွဲစဉ်ဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄ မိနစ်တွင် ရိုဒရီဂိုက ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် အယ်ဗာရက်ဇ်က အေတီကိုအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ခက်ခဲခဲ့သော်လည်း ပွဲချိန် ၃၅ မိနစ်တွင် ဘရာဟမ်ဒီယက်ဇ်က ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သည့်အတွက် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ပြိုင်ပွဲတွင် အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိနေသည့် ရီးရဲလ်မက်ဒရစ်အသင်းသည် အေတီကိုအသင်းနှင့်ပွဲစဉ်တွင် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၅၀၀ ပြည့်ပွဲစဉ်အဖြစ်ကစားခဲ့ပြီး အဆိုပါ ၅၀၀ ပွဲတွင် နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : One Football
Trs : STA

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းသည် ယခုနှစ်တွင် နူးကမ့်ကစားကွင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသော်လည်း ယခုအခါ ပြင်ဆင်မှုများအပြီးသတ်ရန် ကြန့်ကြာမည်ဖြစ်သောကြောင့် ၂၀၂၆ ခုနှစ်မှသာ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။
- အေတီကိုအသင်းနှင့် ဆီဗီလာအသင်းတို့က လက်ပါးမက်အသင်းတွင် အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် ဝုဗ်အသင်းတိုက်စစ်မှူး ဖေဘီယိုဆေးဗားကို အပြီးခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ အဝေးကွင်းသွင်းဂိုးအများဆုံးအသင်းအဖြစ် အာဆင်နယ်အသင်းမှတ်တမ်းဝင်



**လန်ဒန် မတ် ၅**

ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်ပွဲစဉ် ပထမအကျော့ပွဲစဉ်တွင် ပီအက်စ်ဗွီအသင်းကို အာဆင်နယ်အသင်းက အဝေးကွင်းမှ ခုနစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ပြိုင်ပွဲသမိုင်းတွင် အဝေးကွင်း ဂိုးအများဆုံးဖြင့် နိုင်ပွဲရခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ၁၉၉၃ ခုနှစ် နိုဝင်ဘာလက အာဆင်နယ်အသင်းသည် ဥရောပပြိုင်ပွဲတွင် စတန်းတက်လီဂီအသင်းကို အဝေးကွင်းတွင် ခုနစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီးနောက်ပိုင်းကတည်းက အဝေးကွင်းတွင် ဂိုးပြတ်နိုင်ပွဲမရတော့ဘဲ ယခုအခါ ပီအက်စ်ဗွီအသင်းကို ခုနစ်ဂိုးထိ သွင်းယူ၍ ဂိုးပြတ်နိုင်ခဲ့သောကြောင့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ပီအက်စ်ဗွီအသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် ၁၈ မိနစ်တွင် တင်ဘာ၊ ပွဲချိန် ၂၀ မိနစ်တွင် နဝမ်နာရီ၊ ပွဲချိန် ၃၁ မိနစ်တို့တွင် မာရင်နိုတို့က ၁၃ မိနစ်အတွင်း ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ပီအက်စ်ဗွီအသင်းအနေဖြင့် ပွဲချိန် ၄၃ မိနစ်တွင် ပင်နယ်တီမှ ချေပဂိုးသွင်းယူခဲ့သောကြောင့် သုံးဂိုး တစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက တိုက်စစ်မြှင့်တင်လာခဲ့သောကြောင့် ပွဲအစ နှစ်မိနစ်အကြာ ပွဲချိန် ၄၇ မိနစ်တွင် အိုဒီဂတ်နှင့် ပွဲချိန် ၄၈ မိနစ်တွင် ထရိုဆာ့ဒ်တို့ကလည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် အိုဒီဂတ်၊ ပွဲချိန် ၈၅ တွင် ကာလာဖီအိုရီတို့ကလည်းကောင်း ဦးဆောင်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် သေချာခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် TG United အသင်း သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်



**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ TG United အသင်း သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များ ယနေ့နံနက် ၈ နာရီခွဲက Maryar FC အသင်းနှင့် ShwePyi Thar United အသင်းတို့ ကစားခဲ့ရာ Maryar FC အသင်းက ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီက KKY FC အသင်းနှင့် Black Cross FC အသင်းတို့ ကစားခဲ့ရာ KKY FC အသင်းက ကိုးဂိုး ငါးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး နံနက် ၁၁ နာရီခွဲက Let Wel Thone Nara FC အသင်းနှင့် 7 Brother FC အသင်းတို့ ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက Gold Dream FC အသင်းနှင့် 7 Dragon FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက JZ Young FC အသင်းနှင့် TG United အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ညနေ ၄ နာရီက YCDC Marga Youth FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ ကစားခဲ့ရာ Pacific Sun Far FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၇)အပြီးတွင် TG United အသင်းက ၁၃ ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး Pacific Sun Far FC အသင်းကလည်း ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ဆက်လက် ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။ STA

# အမ်ဘက်ပီထက် လုပ်ခလစာ ပိုမိုရရှိလိုကြောင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်ပြောကြား

**မက်ဒရစ် မတ် ၅**

တိုက်စစ်မှူး အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ်အသင်း၏ စာချုပ်သစ်ကိုလက်ခံ၍ အသင်းတွင် ဆက်လက် ကစားမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် တိုက်စစ်မှူး အမ်ဘက်ပီရရှိနေသည့် လုပ်ခလစာထက် ၃၀ ရာခိုင်နှုန်းကျော် ပိုမိုရရှိလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းတွင် တိုက်စစ်မှူး အမ်ဘက်ပီသည် တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၁၂ ဒသမ ၄ သန်း ရရှိနေပြီး တိုက်စစ်မှူး ဗင်နီစီးယက်စ်က အသင်းဖော်ကစားသမား အမ်ဘက်ပီရရှိနေသည့် လုပ်ခလစာထက် တစ်နှစ်လုပ်ခလစာ ၁၆ ဒသမ ၅ သန်း ပိုမိုရရှိလိုကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို ဆော်ဒီပရိုလိဂ်က ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၃၂ ဒသမ ၂ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းနေမှုကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းတို့ကစားသမားကို ဆက်လက်ထိန်းသိမ်းလိုသဖြင့် သက်တမ်းတိုးရန် ဆွေးနွေးခဲ့ရာ ကစားသမားအနေဖြင့် အသင်းတွင် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း အတည်ပြုထားသော်လည်း လုပ်ခလစာ ပိုမိုရရှိလိုကြောင်း သိရသည်။

ဗင်နီစီးယက်စ်သည် ဖလာမင်ဂိုအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ၂၀၁၈ ခုနှစ်က စတင်ရောက်ရှိခဲ့ကာ အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ တွင် သွင်းဂိုး ၁၀၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၇၆ ကြိမ်ထိပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ထိပ်သီးအသင်းများက စိတ်ဝင်စားနေကြောင်း သိရသည်။



Ref : Goal.com
Trs : ML

# SCIENCE AND TECHNOLOGY

## နာဆာက SPHEREx အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးမစ်ရှင်ကို နောက်ဆုတ်ထား



**ဝါရှင်တန် မတ် ၅**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် SPHERExအာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးမစ်ရှင်ကို မတ် ၆ ရက်ထိ နောက်ဆုတ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက SPHERExအာကာသရေဒီယိုတယ်လီစကုပ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မလွှတ်တင်မီ စစ်ဆေးမှုများပြုလုပ်ရေးအတွက် SPHEREx မစ်ရှင်လွှတ်တင်ရေး အစီအစဉ်ကို မတ် ၆ ရက်သို့ ရွှေ့ဆိုင်ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာကြီးကို အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် လေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့သည် မတ် ၆ ရက် SPHEREx မစ်ရှင်တွင် PUNCH အမည်ရှိ ဂြိုဟ်တုငယ်လေးစင်းပါ နေလေ့လာရေးဂြိုဟ်တုကွန်ရက်စနစ်တစ်ခုကိုပါ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Starship အာကာသဒုံးပျံယာဉ် အဋ္ဌမအကြိမ် စမ်းသပ်လွှတ်တင်မည့်အစီအစဉ်ကို ကာလရွှေ့ဆိုင်းထား

**ဝါရှင်တန် မတ် ၅**

Starship အာကာသဒုံးပျံယာဉ် အဋ္ဌမအကြိမ် စမ်းသပ်လွှတ်တင်မည့်အစီအစဉ်ကို Space-X ကုမ္ပဏီက ကာလရွှေ့ဆိုင်းထားကြောင်း မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Space-X ကုမ္ပဏီသည် မူလက Starship အာကာသဒုံးပျံယာဉ်ကို မတ် ၄ ရက်တွင် တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားသည်။

သို့ရာတွင် Starship အာကာသဒုံးပျံယာဉ်၏ ပထမအဆင့် ပင်မဒုံးယာဉ်နှင့် ထိပ်ဖူးအဆင့်ဒုံးယာဉ်နှစ်ခုစလုံးတွင် ပြဿနာများရှိနေမှုကြောင့် စမ်းသပ်လွှတ်တင်မည့် အစီအစဉ်ကို Space-X ကုမ္ပဏီက ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

Starship အာကာသဒုံးပျံယာဉ်ကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးစားမည့်နေ့ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။


Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ပြီး သတ္တမမြောက် စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုတွင် Starship အာကာသဒုံးပျံယာဉ်၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစ်စင်ရှိရာသို့ တိကျစွာ ဆင်းသက်နိုင်ခဲ့သော်လည်း ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ အတ္တလန္တိတ်သမုဒ္ဒရာအထက်၌ ပေါက်ကွဲခဲ့ကြောင်း သိရသည်။



Ref : Sputnik News
Trs : KKO

## Tecno Mobile ကုမ္ပဏီက ကမ္ဘာ့အပါးလွှာဆုံးစမတ်ဖုန်းတစ်မျိုး ထုတ်ဖော်ပြသ



**မက်ဒရစ် မတ် ၅**

ကမ္ဘာ့အပါးလွှာဆုံး စမတ်ဖုန်းတစ်မျိုးကို တရုတ်နိုင်ငံအခြေစိုက် Tecno Mobile ကုမ္ပဏီက ထုတ်ဖော်ပြသခဲ့သည်ဟု မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

Tecno Spark Slim ဟူ၍အမည်ပေးထားသော အဆိုပါစမတ်ဖုန်းသစ်၏ အထူမှာ ၅ ဒသမ ၇၅ မီလီမီတာ(သုည ဒသမ ၂၂၆ လက်မ) သာရှိသည်။

Tecno Spark Slim စမတ်ဖုန်းသည် ပြိုင်ဘက်တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီ၏ Galaxy Edge စမတ်ဖုန်းထက်ပင် ပို၍ပါးလွှာကြောင်း သိရသည်။

ဆမ်ဆောင်းကုမ္ပဏီ၏ Galaxy Edge စမတ်ဖုန်းမှာ ၅ ဒသမ ၈၄ မီလီမီတာ (သုည ဒသမ ၂၂၉ လက်မ)ထူကြောင်း သိရသည်။

Tecno Mobile ကုမ္ပဏီသည် Tecno Spark Slim စမတ်ဖုန်းကို စပိန်နိုင်ငံ ဘာစီလိုနာမြို့တော်၌ မတ် ၃ ရက်မှ ၆ ရက်ထိ ကျင်းပမည့် Mobile World Congress (MWC) ပြပွဲ၌ ပြသလျက်ရှိသည်။

Tecno Spark Slim စမတ်ဖုန်းသည် မျက်နှာပြင်အကျယ် ၆ ဒသမ ၇၈ လက်မထိရှိပြီး ၅၂၀၀ mAh ဘက်ထရီကို အသုံးပြုထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## ဦးနှောက်အတွင်းအဆိပ်အတောက်ရှိ ပရိုတင်းစုစည်းမှုကြောင့် အမျိုးသမီးများတွင် အယ်ဇိုင်းမားဖြစ်နိုင်ခြေ မြင့်မားနေတတ်

**နယူးယောက် မတ် ၅**

ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းတစ်မျိုး စုစည်းမှုအဆင့် မြင့်မားလွယ်ခြင်းကြောင့် အမျိုးသမီးများတွင် အမျိုးသားများထက် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်သည်ဟု မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမျိုးသမီးများမှာ အမျိုးသားများနှင့်နှိုင်းယှဉ်ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း ဆေးပညာရှင်များက ရှေးယခင်ကပင် ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်သည်။

အမျိုးသမီးများအနေဖြင့် အမျိုးသားများထက် အသက်ပိုရှည်ခြင်းကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေရခြင်းဖြစ်နိုင်ကြောင်းလည်း ဆေးပညာရှင်များက ယူဆခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဦးနှောက်အတွင်း ဘီတာအမိုင်လွိုက်ပရိုတင်း စတင်စုစည်းနေပြီဖြစ်သည့် အမျိုးသမီးများ၌ Tau အမည်ရှိ ပရိုတင်းတစ်မျိုး ထပ်မံစုစည်းလာမှုအဆင့်မှာ အမျိုးသားများထက် ပို၍မြန်ဆန်လာတတ်ကြောင်း သိရသည်။

အမျိုးသမီးများ၏ ဦးနှောက်၌ Tau ပရိုတင်းစုစည်းမှုအဆင့်ပိုမြန်မှုကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမှာလည်း အမျိုးသားများထက် ပို၍မြင့်မားနေရခြင်းဖြစ်နိုင်ကြောင်း အမေရိကန်သုတေသနရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

## မျိုးဗီဇစမ်းသပ်မှုပုံစံသစ်က ဦးနှောက်ကင်ဆာလူနာ၏ ကင်ဆာဆဲလ်ဖယ်ရှားရာတွင် အထောက်အကူပေးနိုင်

**နယူးယောက် မတ် ၅**

မျိုးဗီဇစမ်းသပ်မှု ပုံစံသစ်တစ်ရပ်သည် ဦးနှောက်ကင်ဆာရောဂါလူနာများ၏ ကင်ဆာဆဲလ်များကို ခွဲစိတ်ဖယ်ရှားရာတွင် များစွာ အထောက်အကူပေးနိုင်ကြောင်း မတ် ၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ မျိုးဗီဇစမ်းသပ်မှုနည်းသည် တစ်ရှူးနမူနာတစ်ခုအတွင်းရှိ ကင်ဆာဆဲလ်များပါဝင်မှုအဆင့်ကို ၁၅ မိနစ်အတွင်း တိုင်းတာဖော်ထုတ်ပေးနိုင်ကြောင်း နယူးယောက် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ မျိုးဗီဇစစ်ဆေးနည်းသည် တစ်ရှူးနမူနာ တစ်စတုရန်းမီလီမီတာတွင် အနည်းဆုံးကင်ဆာဆဲလ်ငါးခုထိ ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ မျိုးဗီဇစစ်ဆေးနည်းသည် ဦးနှောက်ခွဲစိတ်မှုပြုလုပ်နေချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကင်ဆာဆဲလ်များကို ထောက်လှမ်း ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

ကင်ဆာခွဲစိတ်မှု အောင်မြင်ရေး၊ ကင်ဆာဆဲလ်များ တစ်ကျော့ပြန်လည်ပေါ်ထွက်မှုကို တားဆီးရေးတို့မှာ ကင်ဆာဆဲလ်များကို မည်မျှ ဖယ်ရှားပေးနိုင်သည်ဟူသောအချက်ပေါ် မူတည်ကြောင်း၊ ၎င်းတို့၏ မျိုးဗီဇစစ်ဆေးမှုပုံစံသစ်ကို Ultra-Rapid droplet digital PCR ဟူ၍ အမေရိကန်သုတေသနပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို ယနေ့ ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော်စီမံအုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုလာရောက်ခဲ့သည့် ခရီးစဉ်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်အပါအဝင် ခေါင်းဆောင်ပိုင်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့်ရလဒ်များ ရရှိခဲ့သည့်အတွက် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ကြောင်း။

ရုရှား-မြန်မာ သံတမန်ဆက်ဆံမှုသည် နှစ်ပေါင်း ၇၇ နှစ်ပြည့်မြောက် ကျော်လွန်လာခဲ့ပြီဖြစ်ပြီး ရှည်လျားသည့် သမိုင်းကြောင်းများရှိကြောင်း၊ ရှေးယခင်အဆက်ဆက်ကတည်းက ကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးခဲ့မှုများရှိခဲ့ကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စတင်တာဝန်ထမ်းဆောင်စဉ်မှစ၍ ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးများ လာရောက်ခဲ့ပြီး ယခုအခါ ၁၁ ကြိမ်မြောက် ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

တန်ဖိုးရှိသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော် အဆင့်မြှင့်တင်ရေးအတွက်လည်း ရုရှားနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်များလည်းရှိကြောင်း။

ရုရှားနိုင်ငံတွင် ပညာသင်ကြားခဲ့သည့် တပ်မတော်သားအရာရှိများမှ အချို့သည် အရပ်ဘက်တာဝန်များတွင် အဆင့်မြင့်နေရာများအထိ ထမ်းဆောင်နေကြပြီဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံနှင့် ဆက်ဆံလာခဲ့ခြင်းဖြစ်ကြောင်း၊ အနောက်အုပ်စုအနေဖြင့် ရုရှားနိုင်ငံပြိုကွဲစေရေး စွက်ဖက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲစေရေး အနောက်နိုင်ငံများက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတကာအခြေအနေမှာ အချိန်နှင့်အမျှပြောင်းလဲမှုများရှိနေကြောင်း။

ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတော်အတွက် အခွင့်အလမ်းရရှိနိုင်သည့် ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရေး နိုင်ငံအတွက် ယခင် ကာလများကတည်းက ကာကွယ်ရေးဆိုင်ရာများနှင့် ပတ်သက်၍လည်း ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့တပ်မတော်မှ အရာရှိများကို ရုရှားနိုင်ငံတွင် ပညာတော်သင်များအဖြစ် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခုအချိန်အထိလည်း နှစ်စဉ် တက်ရောက်ပညာသင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်သည့် ရေးကိစ္စရပ်များတွင် အထောက်အကူဖြစ်စေရေး သံရုံး၊ စစ်သံရုံးမိသားစုများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ရုရှားနိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အမြဲရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယူကရိန်းပဋိပက္ခမှာ ရုရှားနိုင်ငံကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ပြိုကွဲထိခိုက်စေမည့် ကိစ္စရပ်များကို နိုင်ငံအချို့က ဆောင်ရွက်ခဲ့ခြင်းကြောင့် စတင်ဖြစ်ပေါ်အကျိုးရှိမည့်ကိစ္စရပ်များကို နားစွန့်ပြီး ဖတ်ရှုလေ့လာမှတ်သားဆောင်ရွက်ကြစေလိုကြောင်း၊ ရုရှား-မြန်မာ ကုန်သွယ်မှုများကို ယခုထက် ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ နေပြည်တော်မြို့ကိုအခြေခံ၍ ကုန်သွယ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံမှ အရည်အသွေးမီသည့် ထုတ်ကုန်ပစ္စည်းများကို တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုပြုနိုင်သည့် ထုတ်ကုန်ပစ္စည်းများရှိပြီးဖြစ်သဖြင့် ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့အားလပ်နေသည့်အချိန်များကို စာအုပ်စာပေများဖတ်ရှုလေ့လာခြင်း၊ ဘာသာစကားများ လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့အတွက် အကျိုးများစွာရှိမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ရုရှားစာပေနှင့် ဘာသာစကားများကို လေ့လာကြရန်လိုကြောင်း၊ သံရုံး၊ စစ်သံရုံးအသိုင်းဝိုင်းများအတွင်း စည်းစည်းလုံးလုံး သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်ကြရန် လိုကြောင်း။

မိမိအနေဖြင့် ရုရှားနိုင်ငံတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မော်စကို ထေရဝါဒဗုဒ္ဓစင်တာကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဆရာတော် သံဃာတော်များအတွက်လိုအပ်သည်များကိုလည်း တတ်နိုင်သမျှ ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က သံရုံး၊ စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့် မြန်မာစစ်သံ (ကြည်း၊ရေ၊လေ)တို့က လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ သံအမတ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး သံရုံး၊ စစ်သံရုံးမိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets military and civilian officers studying in Russian Federation



Senior General Min Aung Hlaing meets civilian and military scholars.

**Nay Pyi Taw March 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, met military and civilian officers studying in Russia on the evening of March 4 at the Conference Hall of the Radisson Collection Hotel in Moscow.

The meeting was attended by accompanying delegation members Joint Secretary of the Council General Ye Win Oo, Council Member General Nyo Saw, Union Ministers, the Chief Minister of Bago Region, Myanmar Ambassador to Russia U Thit Linn Ohn, senior military officers from the Office of the Commander-in-Chief, Myanmar military attaché (Army, Navy, and Air), and military and civilian officers studying in Russia.

In his address, the Senior General stated that the goodwill delegation he led had come to Russia at the invitation of Russian President H.E. Vladimir Vladimirovich Putin. This visit is more significant than a typical goodwill trip, as it included meetings with the Russian President, Prime Minister, and the heads of both houses of the Russian Parliament. He also mentioned plans to open consular offices and discussed military and civilian education matters during the meetings.

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ ရောက်ရှိကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိန့်ပီတာစဘတ် မြို့ရှိ Pulikovo လေဆိပ်၌ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Grigoriev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် မတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်နှင့်စွမ်းအင် ကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာ-ရုရှား စီးပွားရေးဖိုရမ် ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖြည့်စွက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဖြည့်စွက်အမှာစကားပြောကြားစဉ်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် အထူးစိတ်ဝင်စားသည့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် လုပ်ကိုင်နိုင်သည့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့်အစီအစဉ်များ စီစဉ်ထားရှိသည်ကို သိရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိ...**

နေပြည်တော် မတ် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscongress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Council နှင့် Russia – Myanmar Business Council တို့ ပူးပေါင်းကျင်းပသည့် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ Business Hall ၌ကျင်းပပြုလုပ်သည်။

အဆိုပါ မြန်မာ-ရုရှား စီးပွားရေးဖိုရမ် အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maxim Gennadyevich Reshetnikov၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌက “မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းဆိုင်ရာအကျဉ်းချုပ်”ကို ပြောကြားပြီး တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက ခေါင်းစဉ်များ အလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များလက်ခံသုံးစွဲနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ Video Clip ကို ကြည့်ရှုကြပြီး ဖိုရမ်အား ခေတ္တရပ်နားလိုက်သည်။


ယင်းနောက် နေ့လယ်ပိုင်းတွင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်အမှာစကားပြောကြားရာတွင် အထူးသဖြင့် ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာဖြင့် လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါကော်မရှင်အစည်းအဝေးမှနေ၍ ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ သတင်းအချက်အလက်၊ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ပညာရေး၊သိပ္ပံနှင့်ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုကို ခြေလှမ်းသစ်စတင်နိုင်သည့်အတွက် များစွာအားရကျေနပ်မိပါကြောင်း။

မိမိတို့ဘက်ကလည်း ခိုင်မာအားကောင်းသည့် ဥပဒေမူဘောင်များ ချမှတ်ထားခြင်းနှင့်အတူ ယနေ့အခမ်းအနား၏ ရလဒ်တစ်ခုအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်အကာအကွယ်ပေးရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆွေးနွေးညှိနှိုင်းခြင်းကြောင့် သဘောတူစာချုပ်ကို မကြာခင်မှာ လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို ပြည်တွင်းနှင့် ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်္ကြံလမ်းများတစ်လျှောက် လိုအပ်သည့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများမှာလည်း




ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maxim Gennadyevich Reshetnikov မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာနှင့်အတူ အဆွေတော်တို့ကို ဖိတ်ခေါ်ချင်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားတွင်လည်း နှစ်နိုင်ငံကြား အစိုးရချင်းသာမက နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍအချင်းချင်းကြား ဆက်သွယ်မှုကွန်ရက်ကို ပိုမိုတိုးချဲ့နိုင်မှာဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများရရှိခဲ့သည်ကို တွေ့မြင်ရပါကြောင်း၊ အထူးသဖြင့် တည်နေရာအနေအထားအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အနည်းငယ်ဝေးကွာသည့်နေရာတွင် တည်ရှိသော်လည်း ယနေ့အခမ်းအနားမှ စီးပွားရေးဆိုင်ရာ နယ်ပယ်ပေါင်းစုံ ကဏ္ဍပေါင်းစုံတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ကနဦးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည်ကို တွေ့ရသည့်အတွက် များစွာဝမ်းမြောက်ရကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးအခြေပြုအဆင့်မြင့်နည်းပညာလွှဲပြောင်းမှုအပိုင်းနှင့်စပ်လျဉ်း၍ အလေးထားပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင်လည်း နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည်ကို တွေ့ရကြောင်း၊ အခြေခံအဆောက်အအုံကဏ္ဍပိုင်းတွင် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်အညီ တောင်တန်းကုန်းမြင့်များနှင့် ရှည်လျားလှသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ဂေဟစနစ်ကို ထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အထူးသဖြင့် လေစွမ်းအင်၊ နေစွမ်းအင်၊ ရေအားလျှပ်စစ်တို့ကို ထုတ်ယူနိုင်မည့် စီမံကိန်းများကို မကြာမီကာလအတွင်း အဆွေတော်တို့ဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်နေဖြင့် ငွေပေးချေမှုဆိုင်ရာနည်းလမ်းများကို အစပြုချိတ်ဆက်ထားနိုင်ပြီဖြစ်သဖြင့် ကုန်သွယ်မှုကို ယခင်ကထက် လွယ်ကူချောမွေ့စွာ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်တိုးတက်မှုတွင် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံထဲတွင် ပါဝင်သည့်အတွက် သတင်းအချက်အလက်နည်းပညာနှင့်ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကဏ္ဍတိုးတက်မှုကိုလည်း အဆွေတော်တို့နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ယခင်ကတည်းက တိုးတက်ရန် လိုအပ်နေသေးသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ရုရှားနိုင်ငံနှင့်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါတယ်၊ မြန်မာနိုင်ငံအတွက် နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်ရမည့် အဓိကမဏ္ဍိုင်တစ်ရပ်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ပေးနိုင်ရန်အတွက် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ဖို့ပဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် အထူးစိတ်ဝင်စားသည့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် လုပ်ကိုင်နိုင်သည့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များကို စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့်အစီအစဉ်များ စီစဉ်ထားရှိသည်ကို သိရသည့်အတွက်အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံကြား အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြားတွင် လုပ်သာကိုင်သာရှိမည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် အလုပ်အကိုင်များရရှိနိုင်အောင် ဆက်လက်ပံ့ပိုးကူညီသွားမည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။

မဝေးတော့သည့် အနာဂတ်တွင် နှစ်နိုင်ငံကြား တန်းတူညီမျှသည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တည်ဆောက်နိုင်မည့် နည်းလမ်းများကို အတူတကွ ကြိုးပမ်းဆောင်ရွက်ရင်း ဘုံတူညီသည့် အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် “နံပါတ်(၁) အချက်ကတော့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ယုံကြည်စိတ်ချရတဲ့ရင်းနှီးတဲ့မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။ ရုရှားနိုင်ငံက ကမ္ဘာ့မြောက်ခြမ်းမှာ အရှေ့နဲ့အနောက်ကို ရှည်လျားစွာ အရှေ့ကဆိုရင်လည်း အာရှဒေသကနေ အနောက်ဘက်ဥရောပဒေသအထိ ကျယ်ပြန့်စွာရှိနေတဲ့ မဟာအင်အားကြီးနိုင်ငံ တစ်ခုဖြစ်ပါတယ်။ ပထဝီအနေအထားကလည်း အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်သလို နိုင်ငံတကာကနေ စိတ်ဝင်စားမှုရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဘယ်လောက်ပဲ ရုရှားနိုင်ငံရဲ့ ဖြစ်ထွန်းအောင်မြင်မှုတွေကို တိုက်ခိုက်နေပါစေ ရုရှားနိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ နည်းပညာတွေကိုတော့ ဘယ်လိုမှသူတို့နှိမ်နင်းလို့ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားတို့ရဲ့ ကြွယ်ဝမှုနဲ့ နည်းပညာတွေကို ကျွန်တော်တို့ အာရှဒေသမှာ လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလိုတယ်။ ဒီအခွင့်အရေးကို မြန်မာနိုင်ငံက ခင်ဗျားတို့ကို ကျွန်တော်ပေးချင်ပါတယ်။ဒါကြောင့် မြန်မာနိုင်ငံမှာ ယုံကြည်စိတ်ချစွာနဲ့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ မလုပ်ခင်မှာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

မြန်မာနိုင်ငံအခြေအနေကို လာကြည့်ပါ။ ဒီမှာလာတဲ့ မြန်မာနိုင်ငံက ပါလာတဲ့ အဖွဲ့တွေဟာ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးလာတဲ့သူတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ခင်ဗျားတို့လာမယ်ဆိုရင် မြန်မာနိုင်ငံသားတွေရဲ့ ပကတိအခြေအနေကိုလည်း ဒီထက်ပိုပြီးသိရှိမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်တဲ့အခါမှာလည်း ခင်ဗျားတို့က စီးပွားရေးလုပ်တယ်ဆိုတာ ဈေးကွက်ကို ကျွန်တော်တို့က စဉ်းစားရပါတယ်။ မြန်မာနိုင်ငံက လူဦးရေ ၅၁ သန်းပဲ ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံပတ်ပတ်လည်မှာရှိတဲ့ နိုင်ငံတွေရဲ့ လူဦးရေက နှစ် ဘီလီယံကျော် သုံး ဘီလီယံ နီးပါး လောက်ရှိပါတယ်။ အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ လူဦးရေများပြားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီနိုင်ငံတွေကို ခင်ဗျားတို့ရဲ့ ထုတ်လုပ်မှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုခင်ဗျားတို့ဈေးကွက်ရှာမလဲဆိုတာလဲ စဉ်းစားမယ်ဆိုရင် ပိုပြီးကောင်းပါလိမ့်မယ်။တစ်ခုကတော့ မြန်မာနိုင်ငံမှာရှိတဲ့သဘာဝထုတ်ကုန်ပစ္စည်းတွေကို အခြေခံပြီး ထုတ်လုပ်တဲ့ တန်ဖိုးမြင့်ပစ္စည်းတွေထုတ်လုပ်ခြင်းလုပ်ငန်း၊နောက် ခင်ဗျားတို့နိုင်ငံကနေ တိုက်ရိုက်လာပြီးတော့မှ Investment လုပ်ပြီးတော့မှ ခင်ဗျားတို့ရဲ့ နည်းပညာနဲ့ ခင်ဗျားတို့ပစ္စည်းတွေကို ထုတ်လုပ်ပြီးတော့မှ သွားတဲ့ လုပ်ငန်း၊ ဒီနှစ်ခုလုံးကို မြန်မာနိုင်ငံမှာ လာလုပ်မယ်ဆိုရင် ကျွန်တော်ပြောရပါတယ်၊ မုချအကျိုးရှိပါလိမ့်မယ်။

မနေ့ကလည်း အဆွေတော်တို့သမ္မတကြီးနဲ့ကျွန်တော်တွေ့တယ်။မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်နဲ့ပတ်သက်ပြီး တော်တော်များများ ဆွေးနွေးသဘောတူညီချက်ရယူခဲ့တာ ရှိပါတယ်။ လက်ရှိကြုံတွေ့နေရတဲ့တချို့သောအခက်အခဲတွေကို ခင်ဗျားတို့ခေါင်းထဲမှာ သိပ်မထည့်ပါနဲ့။ ဒါတစ်ဒင်္ဂသာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီအခက်အခဲတွေကိုအားလုံး ကျော်လွှားနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အရေးကြီးတာတော့ လုပ်ချင်တယ်ဆိုတဲ့၊ လုပ်မယ်ဆိုတဲ့သန္နိဋ္ဌာန်စိတ်ပဲ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် မိတ်ဆွေရုရှားနိုင်ငံသူ၊ နိုင်ငံသားများနဲ့ လုပ်ငန်းရှင်အားလုံးကို ကြိုဆိုပါကြောင်း ကျွန်တော်ပြောလိုပါတယ်။ လိုအပ်လို့ရှိရင်လည်း မြန်မာနိုင်ငံမှာ ကျွန်တော်ကိုယ်တိုင် ခင်ဗျားတို့နဲ့ ထပ်တွေ့ပါမယ်။ ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။


ရုရှား-မြန်မာ စီးပွားရေးဖိုရမ်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကို ရုရှားမီဒီယာများက မေးမြန်းရာ အောက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

“ဒီရုရှားရောက်တဲ့အခါမှာ H.E. Vladimir Vladimirovich Putin နဲ့တင်မကဘဲနဲ့ ရုရှားရဲ့လုံခြုံရေးကောင်စီအတွင်းရေးမှူး၊ပြီးရင် ရုရှားအထက်လွှတ်တော်ဥက္ကဋ္ဌ၊ ရုရှားဒူးမားလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ရုရှားမှာရှိတဲ့ ခေါင်းဆောင်တွေအားလုံးနဲ့ တွေ့ဆုံခဲ့ပါတယ်။ အနှစ်ချုပ်ကတော့ မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမယ်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေးအားလုံး မြှင့်တင်သွားမှာဖြစ်ပါတယ်။ သမ္မတကြီး H.E. Vladimir Vladimirovich Putin နဲ့ ဆုံတွေ့တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ မြန်မာ-ရုရှားပေါ့ မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေး ခိုင်မာတဲ့ဆက်ဆံရေး ဖန်တီးနိုင်ခဲ့တယ်။ ကျွန်တော်တို့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍပေါင်းစုံမှာအားလုံးတိုးမြှင့်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့တယ်။ ဒီနေ့ ရုရှား-မြန်မာ MYANMAR – RUSSIAN Business Forum တွေပါတယ်။ သူရဲ့အချိတ်အဆက်တွေလည်းဖြစ်ပါတယ်။ ယုံကြည်စိတ်ချရဆုံးနဲ့မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေဖြစ်နေမယ့်နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့ရေးရာမှာရော မြန်မာရေးရာမှာရော ရုရှားနိုင်ငံက မြန်မာနိုင်ငံဘက်ကနေ ရပ်တည်ပေးခဲ့တာကို ကျွန်တော်တို့အထူး ကျေးဇူးတင်ပါတယ်။

မီဂါဝပ် ၁၁၀ အားရှိတဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုကို ရုရှားရဲ့ အကူအညီနဲ့ တည်ဆောက်ပါမယ်။ဒါ့ပြင် အရှေ့တောင်အာရှမှာ အရေးကြီးတဲ့ စီးပွားရေးအရ အခြေခံကောင်းမွန်လာမယ့် ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ဒါသည် အလွန်ကြီးမားတဲ့Projectကြီးဖြစ်ပါတယ်။ ဒါ့ပြင် ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းအားဖြင့် ကုန်းတွင်းလမ်းကို အသုံးပြုပြီးတော့ မလက္ကာရေလက်ကြားကို အသုံးမပြုဘဲနဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းကနေ ဗီယက်နမ်မှာရှိတဲ့ဒါနန်း(Da Nang) ဆိပ်ကမ်း၊အခြားဆိပ်ကမ်းတွေနဲ့ချိတ်ဆက်ခြင်းအားဖြင့် မလက္ကာရေလက်ကြားကို မဖြတ်ဘဲနဲ့ သွားနိုင်တဲ့ လမ်းကြောင်းသစ်တစ်ခု ပေါ်လာမှာဖြစ်တယ်။ ဒီရေနက်ဆိပ်ကမ်းက ဘာကြောင့်အရေးပါလဲဆိုလို့ရှိရင် ထားဝယ်ရေနက်ဆိပ်ကမ်းက ဘယ်နေရာရှိလဲဆိုရင် မြန်မာနိုင်ငံအောက်ပိုင်းမှာရှိတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းအောက်မှာ မလက္ကာရေလက်ကြားဆိုတာရှိတယ်။ ဒီမလက္ကာရေလက်ကြားဆိုတာက တောင်တရုတ်ပင်လယ်နဲ့ ဟိုဘက်မှာရှိတဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခု ဆက်ပေးထားတာဖြစ်တယ်။

စိန့်ပီတာစဘတ်မှာ မြန်မာ-ရုရှား တွေ့ပြီးတော့ ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက်ကြောင့် ကောင်စစ်ဝန်ချုပ်ရုံးအသစ် သွားရောက်ဖွင့်လှစ်မှာဖြစ်တယ်။ ပြီးရင် ဘီလာရုစ်ကိုသွားမယ်။ ပြန်လာရင် ကျွန်တော်တို့ ရုရှားမှာရှိတဲ့ ဗလာဒီဗော့စတော့ကို သွားမယ်၊ အဲဒီမှာလည်း ကောင်စစ်ဝန်ချုပ်ရုံးအသစ်တစ်ခုဖွင့်မယ်။ ကျွန်တော်ပြောချင်တာကတော့ ဒီနေ့ကနေစပြီးတော့ မြန်မာ-ရုရှားဆက်ဆံရေး ပိုမိုခိုင်မာစေဖို့၊ ပိုမိုတည်မြဲစေဖို့ သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ပြီဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာပြောချင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H. E. Mr. Batu KHASIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် မတ် ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool က ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် Radisson Collection ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့်အချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ဒူးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှ လေ့လာရေးအဖွဲ့များ စေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H. E. Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များကို လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်၍ ကာမီးကီယာပြည်နယ်ရှိ ဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှ စေတီတော်(သို့မဟုတ်)ဗုဒ္ဓရုပ်ပွားတော်အားလာရောက်တည်ထားကိုးကွယ်စေလိုမှု၊မြန်မာနိုင်ငံမှလေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့လာရောက်လေ့လာစေလိုမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲတို့သည့်အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဌာန)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ ဗစ်တရာဗစ်ချ် လတ်ဗ်ရော့အား ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ချီးမြှင့်အပ်နှင်း

**နေပြည်တော် မတ် ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ ဗစ်တရာဗစ်ချ် လတ်ဗ်ရော့အား ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့ကို ခရီးစဉ်တွင်လိုက်ပါလာသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ယနေ့နံနက် ၁၀ နာရီခွဲက ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ ချီးမြှင့်အပ်နှင်းခဲ့သည်။

ချီးမြှင့်ပွဲအပြီးတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံက အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံ နိုင်ငံတာဝန်ထမ်းဆောင်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီ ဗစ်တရာဗစ်ချ်လတ်ဗ်ရော့အား ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ချီးမြှင့်အပ်နှင်းစဉ်။

---

☆ ကျောဖုံးမှအဆက်

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ရေးကော်မတီက စိစစ်ထားပြီးသည့်အပေါ် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌထံသို့မတင်ပြမီ နောက်ဆုံးအဆင့်စိစစ်ရန်အတွက် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အရအသုံးခန့်မှန်းခြေစာရင်း လျာထားရေးဆွဲရာတွင် ယေဘုယျအနေဖြင့် လိုငွေနှင့်ဂျီဒီပီအချိုး ငါးရာခိုင်နှုန်းထက်မကျော်စေရေး ဂရုပြုဆောင်ရွက်ရကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ အပေါ်သုံးသပ်ကြည့်ပါက နိုင်ငံတော်၏ စီးပွားရေးနှင့်ပတ်သက်၍ ဝင်ငွေရှာဖွေပေးရသည့်သက်ဆိုင်ရာဝန်ကြီးဌာနအချို့နှင့် အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်လျာထားသည့် ရငွေပိုင်းပြည့်မီခြင်း မရှိသည်များကို တွေ့ရှိရသကဲ့သို့ သုံးစွဲသည့်အသုံးစရိတ်ပိုင်းတွင်လည်း မလိုအပ်ဘဲလိုရမယ်ရ တင်ပြတောင်းခံထားသည်များ၊ အချို့စီမံကိန်းပြီးနိုင်သည်ဟုယူဆပြီး တောင်းခံသည်များရှိခဲ့ကြောင်း၊ ဘဏ္ဍာနှစ်တစ်နှစ်ကုန်ဆုံးချိန်နီးမှသာ အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်း၊ တချို့လုပ်ငန်းများမစတင်နိုင်ခြင်း စသည့်အကြောင်းပြချက်များဖြင့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည့်အတွက် နိုင်ငံတော်၏ အထွေထွေပိုလျှံငွေများစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ရငွေအပိုင်းနှင့်အသုံးစရိတ်အပိုင်းအပေါ်မူတည်ပြီး ဂျီဒီပီကိုတွက်ချက်ရသည်ဖြစ်၍ လိုငွေနှင့် ဂျီဒီပီအချိုးကို နှိုင်းယှဉ်ရသည့်အပိုင်းတွင် သုံးစွဲသည့်ငွေအပိုင်း၌ ရငွေများအားလုံး မသုံးစွဲနိုင်ပါက ရငွေသုံးစွဲမှုအပေါ်မူတည်၍ ဂျီဒီပီ လျော့နည်းသကဲ့သို့ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့်ဝန်ကြီးဌာနမှ အဆိုပါငွေကို စောစီးစွာသုံးစွဲနိုင်ပါကလည်း စီမံကိန်းနှင့် လုပ်ငန်းများပြီးစီးသွားမည်ဖြစ်ပြီး ယင်းဝန်ကြီးဌာန၏ ဂျီဒီပီမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စမှာအင်မတန်အရေးကြီးသည့် အနေအထားဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၂/၂၀၂၄) အစည်းအဝေးတွင် **"ဘဏ္ဍာငွေနှင့်ပတ်သက်ပြီး စိစိစစ်စစ် သုံးသင့်ကြောင်း၊ မလိုဘဲနှင့်တောင်းခြင်း၊ လိုရမယ်ရတောင်းခြင်း၊ မလုပ်နိုင်ဘဲနှင့် တောင်းခြင်းများရှိသည့်အတွက် စိစစ်ပြီး တောင်းပါက မူလခန့်မှန်းခြေငွေစာရင်းများစွာ လျော့ကျသွားနိုင်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်စီမံကိန်း၊ မလိုအပ်သည့် စီမံကိန်းများအပေါ်မူတည်၍ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဖွဲ့အစည်းများက စိစစ်၍တင်ပြတောင်းခံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်ကရငွေပိုင်းကိုခွဲဝေရာတွင် နိုင်ငံတော်၏စီးပွားရေး ပိုမိုတိုးတက်စေရေး မောင်းနှင်အားတစ်ခုအဖြစ် အသစ်ဖွဲ့စည်းထားသည့်စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်များကလည်း နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပေးလိုက်သည့် ဝန်ကြီးဌာနများနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြမည်ဖြစ်ရာ လိုအပ်မည့် အသုံးစရိတ်များကိုလည်း တိုးမြှင့်သုံးစွဲကြမည့်အနေအထားရှိပါကြောင်း၊ တစ်ဖက်ကလည်း သုံးစွဲရန်မလိုသည့်ရငွေများကို အဆိုပါကော်မရှင်နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများကို လိုအပ်ချက်အရခွင့်ပြုပေးခြင်းအားဖြင့် ဂျီဒီပီပိုင်းတွင်များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ဂျီဒီပီတိုးတက်လာသကဲ့သို့ ရငွေပိုင်းတွင်လည်းတိုးတက်လာမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ နောင်မူလခန့်မှန်းခြေငွေစာရင်း (Budget Estimate)နှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(Reveised Estimate) တို့တင်ပြရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ်လိုအပ်ချက်များကို ဖြစ်နိုင်ခြေနှင့်တွက်ချက်စိစစ်ပြီးမှသာ တင်ပြကြစေလိုကြောင်း၊ ကြိုတင်စိစစ်ရေးကော်မတီနှင့် တာဝန်ရှိသူများ၏စိစစ်တွေ့ရှိချက်များအရ ဖြစ်ပေါ်လာသည့် အနေအထားကို ကြည့်မည်ဆိုပါက ဝန်ကြီးဌာနများ မူလတင်ပြလာသည်မှာ ရငွေနှင့်သုံးငွေလျာထားချက်အရ လိုငွေနှင့် ဂျီဒီပီအချိုးသည် ၇ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရကြောင်း၊ ၎င်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနနှစ်ခုနှင့် ကော်မတီသုံးရပ်မှ စိစစ်ရာတွင် လိုငွေနှင့် ဂျီဒီပီအချိုးသည် ၆ ဒသမ ၅၆ ရာခိုင်နှုန်းထိ စိစစ်တွေ့ရှိခဲ့ကြောင်း၊ ယင်းအပေါ် ဒုတိယဝန်ကြီးနှင့်အဖွဲ့က ထပ်မံစိစစ်ခဲ့ရာ ၅ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထပ်မံစိစစ်ခဲ့ရာ လိုငွေနှင့် ဂျီဒီပီအချိုး၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းထိ လျာထားစိစစ်နိုင်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

နောက်ဆုံးအဆင့်ဖြစ်သည့် ကြိုတင်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အရေးကြီးဝန်ကြီးဌာနများစုပေါင်း၍ မဖြစ်မနေသုံးစွဲရမည့်အသုံးစရိတ်များ၊ မလိုအပ်ဘဲ မလုပ်နိုင်သည့် စီမံကိန်းများ၏ အသုံးစရိတ်များကို အတိုး၊ အလျှော့ပြုလုပ်ပြီး လျာထားဂျီဒီပီကိုလည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းလျာထားမှုအပေါ်တွက်ချက်ခဲ့ပြီး ရလဒ်အပေါ် လိုငွေနှင့် နှိုင်းယှဉ်ချက်အရလိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၇၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ကိုတွေ့ရ၍ လိုငွေနှင့် ဂျီဒီပီအချိုး ငါးရာခိုင်နှုန်းထက်မပိုသောငွေပမာဏကို အသစ်ဖွဲ့စည်းပေးထားသည့် ကော်မရှင်သုံးရပ်နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ အခြားသောမဖြစ်မနေ ပံ့ပိုးထောက်ပံ့ရမည့် ခေါင်းစဉ်များသို့ ရန်ပုံငွေကို လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသုံးစရိတ်များ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအသုံးစရိတ်များကိုလည်း ထည့်သွင်းလျာထားရမည်ဖြစ်ကြောင်း၊ ကြိုတင်စိစစ်ရေးကော်မရှင်က စိစစ်ပြီးချိန်တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ထပ်မံ၍ လိုအပ်ချက်အရ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းများဆောင်ရွက်ရန် ထပ်မံညွှန်ကြားချက်များရှိလာနိုင်သဖြင့် ခွင့်ပြုပေးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လျာထားရေးဆွဲသည့်ရငွေ၊ သုံးငွေများနှင့်ပတ်သက်၍ ဆွေးနွေးလိုသည်များနှင့် ထပ်မံဖြည့်စွက်တင်ပြရန်ရှိပါက တင်ပြကြရန်ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ပြီးစီးမှုအခြေအနေ၊ ဌာနအဖွဲ့အစည်းများက တင်ပြလာသည့် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ၊ ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာနှစ်အတွင်းရရှိရန် ဆောင်ရွက်ရမည့်နိုင်ငံခြားသုံးငွေနှင့် အခွန်အကောက်ရငွေပြည့်မီနိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးဆိုင်ရာငွေစာရင်းများနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများအပေါ် စာရင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ကြီးဌာနများအနေဖြင့် အသုံးစရိတ်များ တင်ပြတောင်းခံရာတွင် စနစ်တကျစိစစ်ပြီးမှသာ တင်ပြကြစေလိုကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ရရှိနိုင်သည့် ဘဏ္ဍာငွေကို အပြည့်အဝရရှိရေး ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုအပိုင်းတွင်လည်း အလေအလွင့်မရှိအောင် စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် မတ် ၅**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့်ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန် ပြည်ပမှဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသောဘိလပ်မြေတန်ချိန် ၃၀၀၀ တင်ဆောင်လာသည့်ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာရွှေမဲဆိပ်ကမ်းသို့ မတ် ၄ ရက်ညနေပိုင်း၌ ရောက်ရှိခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် ဈေးကွက်အတွင်းဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့်မယ်ထော်သလေးနယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားဦးရေ၂၅၀ကိုထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပြီး ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများစာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၄၂၄၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၄၈၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်းသတင်းရရှိသည်။ **(မြဝ)**




မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှုမှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မတ် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်ပြီး အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်ပြီး အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာကျေးရွာများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများကို ၎င်းတို့အပေါ် အကြောက်တရား လွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့်ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ သတင်းမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝ)**



# ၇၆ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့နှင့်ပအိုဝ့်တိုင်းရင်းသားရိုးရာတပေါင်းပွဲတော်အခမ်းအနားကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ့်တိုင်းရင်းသားများနေထိုင်ရာဒေသတွင် ကျင်းပမည်




**ရန်ကုန် မတ် ၅**

၇၆ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့နှင့် ပအိုဝ့်တိုင်းရင်းသားရိုးရာ တပေါင်းပွဲတော် အခမ်းအနားကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ့်တိုင်းရင်းသားများ နေထိုင်ရာဒေသတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပအိုဝ့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ကရင်ပြည်နယ်) အဖွဲ့ဝင် ဦးခွန်ဆိုင်ဖက ပြောပြ၍သိရသည်။

ပအိုဝ့်တိုင်းရင်းသားများ၏ ၇၆ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့သည် ယခုနှစ် မတ် ၁၃ ရက်တွင်ကျရောက်မည်ဖြစ်ပြီး ပအိုဝ့်တိုင်းရင်းသားတို့၏ ရိုးရာတပေါင်းပွဲတော်သည်လည်း အဆိုပါနေ့ (တပေါင်းလပြည့်နေ့)တွင် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

"ပအိုဝ့်တိုင်းရင်းသားတွေရဲ့ ၇၆ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့ကတော့ မတ် ၁၃ ရက်နေ့မှာ ကျရောက်မှာဖြစ်ပါတယ်။ တပေါင်းပွဲတော်ကြီးကိုလဲ တစ်ပါတည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်ကြီးကိုတော့ ပအိုဝ့်တိုင်းရင်းသားတွေ အဓိကနေထိုင်ရာ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ရှမ်းတောင်ပိုင်းက မြို့ကြီးတွေမှာ ပအိုဝ့်တိုင်းရင်းသားရိုးရာ အဆို၊ အတီး၊ အကတွေနဲ့ ကျင်းပသွားမှာ ဖြစ်သလို အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပအိုဝ့်တိုင်းရင်းသားတွေ နေထိုင်ရာဒေသတွေမှာလဲ ကျင်းပသွားမှာပါ။ ကရင်ပြည်နယ် မြိုင်ကလေးဒေသမှာကျင်းပဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်"ဟု ဦးခွန်ဆိုင်ဖက ပြောပြ၍ သိရသည်။ ASH

# Captain America:Brave New World ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရှိလာ

**နယူးယောက် မတ် ၅**

ရုံတင်ပြီး တတိယသီတင်းပတ်ကုန်ဆုံးချိန်တွင် မာဗယ်စတူဒီယို၏ Captain America:Brave New World ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

Captain America:Brave New World ဇာတ်ကားကို ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ပြီး အဆိုပါဇာတ်ကား၏ လက်ရှိ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၄၁ ဒသမ ၈ သန်းမျှသာရှိပေရာ မာဗယ်၏ စူပါဟီးရိုး ဇာတ်ကားများအနက် ဝင်ငွေအနည်းဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့ရသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးရာတွင် မာဗယ်စတူဒီယိုအနေဖြင့် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ထိ သုံးစွဲခဲ့ရဖွယ်ရှိသည်။

Captain America:Brave New World ဇာတ်ကားကို ဒါရိုက်တာ ဂျူးလီးယပ်အိုနေးက တာဝန်ယူရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား အန်တိုနီဗက်ကီး၊ ဟယ်ရီဆင်ဖို့၊ ဆက်ရိုလင်နှင့် မင်းသမီး ဂိုဆာဆာလာဇာတို့ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

**Ref : Sputnik News**

**Trs : KKO**



# လွန်း ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၄ ရက်မှစတင်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် မတ် ၅**

CANAL+ ZAT LENN ရုပ်သံလိုင်း၏ မူပိုင်ဖန်တီးမှုဖြစ်သည့် လွန်း ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၄ ရက်မှ စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်း သရုပ်ဆောင် အောင်ရေချမ်းက ပြောပြ၍ သိရသည်။

လွန်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို EVREN က ရေးသားထားပြီး ဟေမာန်ဟိန်း၊ ရည်မွန်ထက်နှင့် ညိုသွေးတို့က ရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN) က CANAL+ ရုပ်သံလိုင်းအတွက် တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲ ကတော့ သဘာဝလွန် ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ သုတဆိုတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ မိဘတွေရဲ့ အဆင်မပြေမှုကြောင့် ငယ်စဉ်ကတည်းက ညီမနဲ့ကွဲကွာခဲ့ရပြီး ဖခင်ဖြစ်သူနဲ့ ကြီးပြင်းလာခဲ့ရတဲ့ အစ်ကိုတစ်ယောက်နေရာက သရုပ်ဆောင်ထားပါတယ်။ ဖခင်ဖြစ်သူနဲ့မိထွေးတို့ကြောင့် စိတ်အနှောင့်အယှက်တွေကြား ကြီးပြင်းလာခဲ့ရပြီး ကွဲနေတဲ့ညီမဖြစ်သူ




ကို ဒုက္ခတွင်းထဲကနေ ကယ်တင်ဖို့ ဆုံးဖြတ်ခဲ့ပြီးတဲ့ နောက်မှာတော့ ဘယ်လိုအခက်အခဲတွေ နဲ့ကြုံလာရမလဲ။ ညီမဖြစ်သူကို တကယ်ပဲ ကယ်တင်လိုက်နိုင်မလား။ ဒါမှမဟုတ် ညီမဖြစ်သူကြုံတွေ့နေရတဲ့ ဒုက္ခတွင်းထဲကို လိုက်ပါကျဆင်းသွားမလား ဆိုတာကတော့ မကြာခင် အဖြေထုတ်နိုင်တော့မှာပါ"ဟု သရုပ်ဆောင် အောင်ရေချမ်းက ပြောပြသည်။

လွန်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရေချမ်း၊ နေ့သစ်အေးအောင်၊ သားညီ၊ မင်းသူလင်းလပြည့်ထက်၊ လင်းဇာနည်ဇော်၊ ခင်မို့မို့အေး၊ သာသာ၊ မြတ်သူကို၊ ဝန်းရံခ၊ ဒေါ်လုံးတင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# Mickey-17 ဇာတ်ကား တောင်ကိုရီးယား ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဖြစ်နေ

**နယူးယောက် မတ် ၅**

ဝါနာဘရားသားကုမ္ပဏီ၏ Mickey–17 သိပ္ပံအက်ရှင်ဇာတ်ကားသည် တောင်ကိုရီးယားရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နေကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

Mickey–17 ဇာတ်ကားသည် တောင်ကိုရီးယားရုပ်ရှင်ဈေးကွက်၌ ဝင်ငွေ ၆ ဒသမ ၆ သန်းထိရရှိထားကြောင်း သိရသည်။

Mickey–17 ဇာတ်ကား ရရှိထားသည့် အထက်ပါဝင်ငွေပမာဏမှာ တောင်ကိုရီးယားရုပ်ရှင်ဈေးကွက်တစ်ခုလုံးဝင်ငွေ စုစုပေါင်း၏ ၆၇ ဒသမ ၀၆ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် တောင်ကိုရီးယား ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Mickey–17 ဇာတ်ကားကိုနာမည်ကျော် တောင်ကိုရီးယားဒါရိုက်တာ ဘွန်ဂျောင်ဟိုက ရိုက်ကူးပေးထားပြီးမင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အလွန်ဝေးလံခေါင်သီလှသည့် ဂြိုဟ်တစ်စင်းပေါ်သို့ ရောက်ရှိခဲ့ရသူတစ်ဦး၏ ရှန်းကန်လှုပ်ရှားသူများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်းတို့၏ ထာဝရအိပ်မက် တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်Transporter Bar ၌ ပြုလုပ်မည်




**ရန်ကုန် မတ် ၅**

တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်းတို့၏ ထာဝရအိပ်မက် တေးဂီတဖျော်ဖြေပွဲကို မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် Trans–porter Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဟဲလေးက ပြောပြ၍ သိရသည်။

တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်းတို့၏ ထာဝရအိပ်မက် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်နှစ်ဦး၏ ဖျော်ဖြေတင်ဆက်မှုများကို Transporter Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"Transporter Enetertain–ment မှာ မတ် ၈ ရက် ညနေ ၆ နာရီမှာ ဝိုင်းစုနဲ့အတူ စတင်ဖျော်ဖြေပေးမှာဖြစ်ပါတယ်။ Transporter Entertainment ရဲ့ Performance အားကောင်းတဲ့ DJ& MC တို့ရဲ့ ဖျော်ဖြေမှုတွေကိုလဲ အားပါးတရ အားပေးရမှာဖြစ်လို့ DJ တွေရဲ့ အလန်းစား Live Performance ကိုလဲ မြင်ရမှာဖြစ်လို့ ဒီလိုပွဲကို လက်လွှတ်မခံဘဲ လာရောက်နားဆင်ပေးကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဟဲလေးက ပြောပြ၍ သိရသည်။ ASH

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က Bavar 373-II လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို မိတ်ဆက်ပြသခဲ့



အီရန်နိုင်ငံသည် အဆင့်မြှင့်တင်ထားသော လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သစ် Bavar 373-II ကို မိတ်ဆက်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Bavar 373-II လက်နက်စနစ်သစ်တွင် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားပြီး အထင်ရှားဆုံးအဆင့်မြှင့်တင်မှုတစ်ခုမှာ သီးခြားရပ်တည်တိုက်ပွဲဝင်နိုင်သော ဒုံးပစ်လောင်ချာများကို ထည့်သွင်းအသုံးပြုလာခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအသစ်တွင် ဒုံးပစ်လောင်ချာယာဉ်တစ်စီးစီတွင် ကိုယ်ပိုင်ရေဒါတပ်ဆင်ပေးထားပြီး ဗဟိုကွပ်ကဲမှုမလိုဘဲ အလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒုံးပစ်လောင်ချာယာဉ်တိုင်းသည် ဗဟိုကွပ်ကဲကြီးကြပ်မှုရေဒါစနစ်မလိုအပ်ဘဲ ဝေဟင်ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

ထို့ပြင် Bavar 373-II လက်နက်စနစ်သစ်သည် ယခင်မျိုးဆက်များ၏ အဓိကကန့်သတ်ချက်နှစ်ခုဖြစ်သည့် ထောက်လှမ်းမှုနှင့် ခြေရာခံခြင်းအပိုင်းများတွင် မူလက ထောက်လှမ်းနိုင်မှုအကွာအဝေး ကီလိုမီတာ ၃၂၀ နှင့် ခြေရာခံထိန်းကျောင်းနိုင်သည့်အကွာအဝေး ကီလိုမီတာ ၂၆၀ တို့ထက် သာလွန်အောင်အဆင့်မြှင့်တင်ထားသည်။ ထို့ကြောင့် ရန်သူ့လေယာဉ်များ၊ ဒုံးကျည်များနှင့် အခြားလေကြောင်းခြိမ်းခြောက်မှုများကို တာဝေးအကွာဝေးဵပင် ခွဲခြားသိရှိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး လက်နက်စနစ်၏စွမ်းရည်ကို သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ ကြိုတင်သတိပေးနိုင်စွမ်းနှင့် တန်ပြန်လုပ်ဆောင်နိုင်စွမ်းတို့တွင် လက်ဦးမှုရယူ၍ ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

Bavar 373-II လက်နက်စနစ်သစ်တွင် အထူးခြားဆုံးတိုးတက်လာမှုမှာ တိုက်ပွဲဝင်နိုင်မှု အကွာအဝေးစွမ်းရည်ပင်ဖြစ်သည်။ အီရန်နိုင်ငံ၏ အဆင့်မြင့်ဝေဟင်မှ မြေပြင်ပစ်၊ တန်ပြန်ပဲ့ထိန်းဒုံးကျည်နည်းပညာဖြစ်သော Sayyad 4B ဒုံးကျည်များကို အသုံးပြု၍ Bavar 373-II လက်နက်စနစ်သစ်သည် တိုက်ပွဲဝင်နိုင်မှုအကွာအဝေးကီလိုမီတာ ၂၀၀ မှ ကီလိုမီတာ ၃၀၀ ထိ တိုးတက်ကောင်းမွန်လာခဲ့သည်။ ဤအချက်သည် မြန်နှုန်းမြင့်၊ တာဝေးပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်မှုတွင် သိသိသာသာကောင်းမွန်လာခဲ့ပြီး အီရန်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်အတွက် ဘက်စုံသုံးလက်နက်စနစ်တစ်ခုအဖြစ် အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် Bavar 373-II လက်နက်စနစ်သစ်၏ အဆင့်မြှင့်တင်ထားသော ရေဒါနှင့် ခြေရာခံထိန်းကျောင်းရေးစနစ်များသည် ပစ်မှတ် ၆၀ ကို ခြေရာခံထိန်းကျောင်းနိုင်ပြီး ၎င်းတို့ထဲမှ ပစ်မှတ်ခြောက်ခုကို တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ Bavar 373-II လက်နက်စနစ်သစ်ကို ထုတ်ဖော်ပြသမှုသည် အရှေ့အလယ်ပိုင်းဒေသတွင် လုံခြုံရေးစိန်ခေါ်မှုများနှင့်အတူ ဒေသတွင်းတင်းမာမှုများ မြင့်တက်လာချိန်တွင် အချိန်ကိုက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် ကာကွယ်ရေးစွမ်းရည်များကို ခေတ်မီအောင် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ Bavar 373-II လက်နက်စနစ်သစ်သည် အီရန်နိုင်ငံ၏ အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလက်နက်စနစ်သည် Khordad 15 နှင့် ရုရှားထုတ် S-300 ကဲ့သို့သော အီရန်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်၏ အခြားစနစ်များနှင့် ယှဉ်တွဲလုပ်ဆောင်နိုင်ပြီး လေကြောင်းခြိမ်းခြောက်မှု အန္တရာယ်များကို တုံ့ပြန်တိုက်ခိုက်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Bavar 373-II လက်နက်စနစ်သစ်သည် အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးတိုးတက်ဖွံ့ဖြိုးမှုတွင် အရေးပါသောမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ အဆင့်မြှင့်တင်ထားသော ရေဒါ၊ အမှီအခိုကင်းစွာ အလိုအလျောက်တိုက်ပွဲဝင်နိုင်စွမ်းရှိသော ဒုံးပစ်လောင်ချာယာဉ် တိုက်ပွဲဝင်နိုင်မှု၊ ထိရောက်အကွာအဝေး မြင့်မားလာမှုနှင့် ပစ်မှတ်များစွာကို တစ်ချိန်တည်းတစ်ပြိုင်တည်းတိုက်ပွဲဝင်နိုင်မှုစွမ်းရည်များမြင့်မားကောင်းမွန်လာခြင်းဖြင့် အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စွမ်းအားနှင့် ကာကွယ်ရေးမဟာဗျူဟာများကို သိသိသာသာ ခိုင်မာအားကောင်းစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Exclusive: Iran Launches Next-Gen Air Defense Missile System Bavar 373-II with Extended Range and Autonomy. ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီယဲ Baykar ကုမ္ပဏီက Akinci ဒရုန်းကို AESA ရေဒါတပ်ဆင်၍ စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့

တူရကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Baykar သည် Akinci တာဝေးပျံသန်းတိုက်ခိုက်ရေးဒရုန်းတွင် Murad 100-A (AESA)ရေဒါတပ်ဆင်၍ စမ်းသပ်ပျံသန်းမှုတစ်ရပ် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထောက်လှမ်းရေးနှင့် ပစ်ခတ်ထိန်းချုပ်မှုနှစ်ခုစလုံးအတွက် ဒီဇိုင်းထုတ်ထားသည့် Aselsan ကုမ္ပဏီထုတ် Murad 100-A (AESA) ရေဒါကို တူရကီယဲစစ်ဘက်၏ F-16 တိုက်လေယာဉ်များနှင့် Akinci ဒရုန်းများတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။

F-16 Block 30 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်မှုစီမံကိန်း Ozgur ၏ အဓိကအစိတ်အပိုင်းဖြစ်သော Murad 100-A(AESA)ရေဒါကို ၂၀၂၄ ခုနှစ်တွင် လေယာဉ်ပေါ်၌ စမ်းသပ်တပ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ကြသည်။ အဆိုပါအဆင့်မြှင့်တင်မှုသည် အမေရိကန်ထုတ် F-16 တိုက်လေယာဉ်တွင် ပြည်တွင်းထုတ် လေကြောင်းနည်းပညာနှင့် လက်နက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်လာခြင်းဖြစ်သည်။ Aselsan ကုမ္ပဏီထုတ် Murad AESA ရေဒါနှင့်အတူ Baykar ထုတ် Akinci ဒရုန်း၏ ပထမဆုံးသောပျံသန်းမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး တူရကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် နောက်ထပ်ထူးခြားသော အောင်မြင်မှုတစ်ရပ်ရရှိခဲ့ကြောင်း၊ ယခုအခါ ကျွန်ုပ်တို့၏ UAVများ၊ Drone များသည် ပိုမိုကြည်လင်ပြတ်သားသော ထောက်လှမ်းစောင့်ကြည့်မှုများပြုလုပ်နိုင်သည့် အခြေအနေအားလုံးတွင် သာလွန်ကောင်းမွန်သော မစ်ရှင်စွမ်းရည်နှင့် စစ်မြေပြင်တွင် အလှည့်အပြောင်းဖြစ်စေနိုင်သည့် စွမ်းရည်များ ပိုင်ဆိုင်လာနိုင်ပြီဖြစ်သည်ဟု တူရကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း၏ အတွင်းရေးမှူး Haluk Gorgun က X လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အင်တင်နာ လှည့်ပတ်ရှာဖွေထိန်းကျောင်းရန်အတွက် ရွေ့လျားနေသော အစိတ်အပိုင်းများ၊ လိုအပ်သည့် Mechanically Scanned ရေဒါများနှင့် မတူဘဲ AESA ရေဒါလှိုင်းများသည် အင်တင်နာကို ရွေ့လျားလှည့်ပတ်ရန် မလိုအပ်ဘဲ အီလက်ထရွန်နစ်နည်းလမ်းဖြင့် လှည့်ပတ်ရှာဖွေခြင်းကို ပြုလုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းသည် ပစ်မှတ်များစွာကို တစ်ပြိုင်နက်နှင့် လျင်မြန်စွာ ခြေရာခံထိန်းကျောင်းနိုင်စေပြီး ကြိုတင်သတိပေးမှုစွမ်းရည်များ မြင့်မားကောင်းမွန်စေသည်။ ရန်သူ့တန်ပြန်တိုက်ခိုက်လာမှုများကိုရှောင်ရှားနိုင်ရန်အတွက် ရေဒါလှိုင်းထုတ်လွှင့်မှုကို ပုံဖျက်ထားရန် တန်ပြန်အစီအမံများပါရှိပြီး ဝေဟင်မှ ဝေဟင်ပစ်လွှတ်တိုက်ခိုက်မှုများအတွက် မြင်ကွင်းလွန်ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်ချေမှုန်းနိုင်စွမ်း ရှိစေမည်ဖြစ်သည်။ Aselsan ကုမ္ပဏီ၏အဆိုအရ ရေဒါသည် တာဝေး ဝေဟင်မှဝေဟင်ပစ်ခတ်တိုက်ခိုက်ရမည့်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် မြင်ကွင်းလွန်ဒရုန်းထိန်းကျောင်းလမ်းညွှန်မှုစနစ် အသုံးပြုထားကြောင်း သိရသည်။ မောင်းသူမဲ့ပလက်ဖောင်းများအတွက် ရေဒါနည်းပညာသည် ပိုမိုကောင်းမွန်သော မြေပြင်ထောက်လှမ်းမှုနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းတို့ကို ခွင့်ပြုပေးနိုင်သည်။

**Turkish Akinci Drone Flight-Tested With Domestic AESA Radar ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျန်းမာသက်ရှည်ခြင်း၏သော့ချက် သို့မဟုတ် ပေါ်လီဖီနောများ

အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်စေကြောင်းကို ကျွန်ုပ်တို့အားလုံး သိရှိပြီးဖြစ်ပါသည်။ သို့သော် ဘယ်လောက်အတိုင်းအတာထိ စားသုံးသင့်သလဲဆိုသည်ကတော့ မေးစရာဖြစ်နေပါသည်။ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ သွေးချိုဆီးချိုရောဂါနှင့် ကင်ဆာရောဂါစသည့် ဆိုးရွားသည့်ရောဂါများဖြစ်ပွားခြင်းကို လျှော့ချနိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို တစ်နေ့လျှင် ဂရမ် ၄၀၀ သို့မဟုတ် ၁၄ အောင်စခန့် စားသုံးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပေးထားပါသည်။

ထိုပမာဏကို ကမ္ဘာတစ်ဝန်းကလူများ စားသုံးနေနိုင်ကြပါပြီလား။ အမေရိကန်၊ ယူကေ၊ အီးယူနိုင်ငံများပါဝင်သည့် OECD (Organization for Economic Co-operation and Development) အဖွဲ့ဝင် ၃၈ နိုင်ငံတွင်မှ ၁၅ ရာခိုင်နှုန်းသော သူများကသာ ထိုပမာဏထိရောက်အောင် စားသုံးနိုင်ကြသည်။ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များတွင် ဦးနှောက်နှင့်ကိုယ်ခန္ဓာအတွက် အလုံးစုံ ကောင်းကျိုးဖြစ်ထွန်းစေနိုင်သည့် အာဟာရဓာတ်များစွာ ပါဝင်နေပေသည်။ ထိုအာဟာရဓာတ်များထဲက တန်ဖိုးကြီးမားသောအရာတစ်ခုမှာ ပေါ်လီဖီနောများ (Polyphenols) များ ဖြစ်ကြပါသည်။

**ပေါ်လီဖီနောများ၏ အရေးပါမှု**

အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ၏ အာဟာရတန်ဖိုးကို ပြောဆိုကြသည့်အခါ လူတို့သည် ၎င်းအစားအစာများထဲတွင် ပါဝင်သည့် ဗီတာမင်စသော အာဟာရဓာတ်များအကြောင်းကို အလေးပေးပြောဆိုလေ့ရှိကြသည်။ ၎င်းတို့တွင် ခန္ဓာကိုယ်၏ လုပ်ငန်းတာဝန်များ ပုံမှန်ထမ်းဆောင်ရန် လိုအပ်သည့် မရှိမဖြစ် ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်နေကြောင်း ဖော်ပြကြသည်။ ထိုအာဟာရဓာတ်များ လုံလုံလောက်လောက် ရရှိရန်ဆိုပါက ကျွန်ုပ်တို့အနေဖြင့် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို အများကြီးစားပေးရန် မလိုအပ်သလို ဖြည့်စွက်စာများနှင့် အားဆေးများကို သောက်သုံးရုံဖြင့်လည်း ရရှိနိုင်ပါသည်။ ကွာခြားသည်က အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များတွင် သဘာဝဒြပ်ပေါင်းများ ပါရှိနေခြင်းဖြစ်ပါသည်။ အပင်ထွက်ဒြပ်ပေါင်းများသည် အပင်များ၏ အရောင်အဆင်းနှင့် ရနံ့တို့ကို ဖြစ်ပေါ်စေသည့် သဘာဝဒြပ်ပေါင်းများဖြစ်ကြသကဲ့သို့ ၎င်းတို့သည် အပင်များကို သဘာဝတရား၏ ဖိစီးမှု၊ သီးနှံဖျက်ပိုးများနှင့် ရောဂါပိုးများဒဏ်မှလည်း ကာကွယ်ပေးနိုင်ပါသည်။ ၎င်းတို့သည် လူသားတို့၏ ကျန်းမာရေးကို ထိန်းသိမ်းပေးရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပေသည်။

အပင်ထွက် သဘာဝဒြပ်ပေါင်း မြောက်မြားစွာရှိပြီး ၎င်းတို့၏ ဓာတုဖွဲ့စည်းပုံကိုလိုက်ကာ အုပ်စုကြီးများ ခွဲခြားသတ်မှတ်ထားကြသည်။ ထိုအုပ်စုများမှာ အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များကို အနီ၊ လိမ္မော်၊ အဝါစသည့် အရောင်အမျိုးမျိုးဖြစ်စေသည့် ကယ်ရိုတီနွိုက်များနှင့် ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်တို့တွင် ပါဝင်လေ့ရှိသည့် ဂလူကိုဆီနိုလိတ်များ စသည်တို့ဖြစ်ကြသည်။ အပင်ထွက် သဘာဝဒြပ်ပေါင်းများအနက် အရေအတွက်များပြားပြီး သုတေသနကောင်းစွာလုပ်ထားကြသည့် ဒြပ်ပေါင်းများမှာ ပေါ်လီဖီနောများဖြစ်ကြသည်။ သံလွင်သီး၊ ဆီးသီး၊ လက်ဖက်စသည့် အစားအစာများတွင် ပေါ်လီဖီနော ပမာဏမြင့်မားစွာပါဝင်လေ့ရှိပါသည်။




**ပေါ်လီဖီနောကပေးသော ကောင်းကျိုးများ**

ပေါ်လီဖီနောဟုအမည်ရခြင်းမှာ ၎င်းတို့၏ ဓာတုဖွဲ့စည်းပုံကြောင့်ဖြစ်သည်။ ဖီနောအုပ်စုများပြားစွာပါဝင်သော ဒြပ်ပေါင်းဟု အဓိပ္ပါယ်ရပါသည်။ ၎င်းတို့သည် ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်အက်တမ်များကို အကွင်းလိုက်ဖွဲ့စည်းထားသော ဓာတုဒြပ်ပေါင်းများဖြစ်ကြသည်။ ပေါ်လီဖီနောများတွင် ဓာတ်တိုးဆန့်ကျင်အာနိသင်၊ အဏုဇီဝပိုးမွှားများကို သေစေနိုင်သော အာနိသင်၊ ရောင်ရမ်းမှုကို ကျဆင်းစေသော အာနိသင်စသည့် ကျန်းမာရေးအတွက် ကောင်းကျိုးပြုသော အာနိသင်များစွာ ပိုင်ဆိုင်ထားကြသည်။

ဓာတ်တိုးဆန့်ကျင်သည့် ပေါ်လီဖီနောများသည် ခန္ဓာကိုယ်အား ဓာတ်တိုးပစ္စည်းများနှင့် ဓာတ်ပြုအောက်ဆီဂျင်များ၏ ထိခိုက်စေမှုမှ ကာကွယ်ပေးသည်။ ဓာတ်တိုးပစ္စည်းများနှင့်ဓာတ်ပြုအောက်ဆီဂျင်များသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ နေရောင်ခြည်နှင့် စီးကရက်မီးခိုးစသည်တို့ကြောင့် ထွက်ပေါ်လာလေ့ရှိပြီး ခန္ဓာကိုယ်ရှိဆဲလ်များ၊ ပရိုတင်းများနှင့် ဒီအန်အေများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ အိုမင်းရင့်ရော်ခြင်းကိုလည်း အားပေးသလို နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် ပါကင်ဆန်၊ အယ်လ်ဇိုင်းမားစသော အာရုံကြောဆိုင်ရာရောဂါများ ဖြစ်ပွားခြင်းကိုလည်း တိုးတက်များပြားစေနိုင်ပါသည်။ ကံကောင်းထောက်မသည်က ပေါ်လီဖီနောများက ၎င်းတို့ ချေဖျက်ပစ်နိုင်ခြင်းဖြစ်ပါသည်။

ရောင်ရမ်းခြင်းဟူသည် အနာကျက်ခြင်းနှင့် ရောဂါပိုးများကို ခန္ဓာကိုယ်တွင်းမှ ဖယ်ရှားခြင်းစသည့် လုပ်ငန်းများအတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်သည်။ သို့သော် ထိန်းချုပ်မရနိုင်သော နာတာရှည်ရောင်ရမ်းခြင်းသည် အဆစ်အမြစ်များ ရောင်ရမ်းခြင်းနှင့် နှလုံးသွေးကြောရောဂါကဲ့သို့ ကျန်းမာရေးပြဿနာများဖြစ်ပွားမှုကို တိုးပွားစေနိုင်ပါသည်။ ပေါ်လီဖီနောဒြပ်ပေါင်းများက ထိုကိစ္စများတွင် ပါဝင်ပတ်သက်သည့် အင်ဇိုင်းများကို တားဆီးပိတ်ပင်ခြင်းဖြင့် ကူညီပေးနိုင်ပါသည်။

ပေါ်လီဖီနောများသည် ရောင်ရမ်းခြင်းနှင့် ရောဂါများကိုဖြစ်စေသည့် အန္တရာယ်ရှိသော ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုရောဂါပိုးများ၏ ရန်မှလည်း ကာကွယ်ပေးနိုင်ပါသည်။ ပေါ်လီဖီနောများက အဆိုပါရောဂါပိုးများ၏ ဆဲလ်မျက်နှာပြင်ကို ပျက်စီးစေခြင်း၊ ကြီးထွားမှုကိုရပ်တန့်စေခြင်း သို့မဟုတ် လုံးဝ ပျက်စီးစေခြင်းအားဖြင့် လုပ်ဆောင်ပါသည်။ ထို့ပြင် ပေါ်လီဖီနောများက ခန္ဓာကိုယ်အင်ဇိုင်းများနှင့် ပေါင်းစပ်ပြီး အစာချေဖျက်ခြင်းနှင့် အခြားဇီဝကမ္မဖြစ်စဉ်များကို ပုံမှန်ဖြစ်အောင်လည်း ကူညီဆောင်ရွက်ပေးပါသည်။

အားလုံးထဲတွင် အရေးကြီးသော အကြောင်းခြင်းရာမှာ ပေါ်လီဖီနောများသည် "မျိုးဗီဇဖော်ပြခြင်း" အမည်ရသောဖြစ်စဉ်ကို လွှမ်းမိုးနိုင်ခြင်းဖြစ်ပါသည်။ မျိုးဗီဇများသည် ခန္ဓာကိုယ်ရှိ အရာအားလုံးကို တည်ဆောက်ခြင်းအတွက် သော့ချက်ဖြစ်ပါသည်။ မျိုးဗီဇသည် ကြွက်သားများနှင့်အရိုးများကို တည်ဆောက်ခြင်းနှင့်ပြုပြင်ခြင်း၊ ဟော်မုန်းများနှင့် အင်ဇိုင်းများကို ထုတ်လုပ်ပေးခြင်းစသည့် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် မရှိမဖြစ်လိုအပ်သော မော်လီကျူးများကို ထုတ်လုပ်ရာတွင် ပုံစံငယ်အဖြစ်ဆောင်ရွက်ပေးသည်။ မျိုးဗီဇတစ်ခုချင်းတွင် သက်ဆိုင်ရာပရိုတင်းများကို ထုတ်လုပ်ရန်အတွက် ညွှန်ကြားချက်များ တစ်ပါတည်းပါဝင်နေခြင်းဖြစ်သော်လည်း လိုအပ်သည့်အချိန်တိုင်း ခန္ဓာကိုယ်က ထုတ်လုပ်ရန် အချက်ပြခြင်း မရှိချေ။ အချို့သော ပေါ်လီဖီနောများက ခန္ဓာကိုယ်ကိုကာကွယ်ပေးသည့် ပရိုတင်းများကိုထုတ်လုပ်ရန် သို့မဟုတ် အန္တရာယ်ရှိသော မော်လီကျူးများ ထုတ်လုပ်နေခြင်းကို ရပ်တန့်ရန် ကူညီပေးခြင်းဖြင့် မျိုးဗီဇများကို လွှမ်းမိုးပြီး ပြုပြင်ပေးနိုင်စွမ်းရှိကြပါသည်။

နောက်ဆုံးအချက်အနေဖြင့် ပေါ်လီဖီနောများသည် အူလမ်းကြောင်းအတွင်းရှိ အကျိုးပြု ဗက်တီးရီးယားအရေအတွက်ကို လွှမ်းမိုးနိုင်သည့် Prebiotic like အာနိသင်ကိုလည်း ပေးစွမ်းနိုင်ပါသည်။ ၎င်းအာနိသင်က ရောဂါများကူးစက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ပြီး အန္တရာယ်ပေးနိုင်သော ဗက်တီးရီးယားများရန်မှ ကာကွယ်ပေးနိုင်သည့် အကျိုးပြုဗက်တီးရီးယားများဖြစ်သည့် Bifidobacteriaceae နှင့် Lactobacillaceae တို့၏ အူလမ်းကြောင်းအတွင်း ပွားများခြင်းကို အားပေးနိုင်ပါသည်။

**အရောင်စုံ အသွေးစုံ**

သတင်းကောင်းကတော့ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များအားလုံးတွင် ပေါ်လီဖီနောများ အမျိုးစုံပါဝင်နေခြင်းဖြစ်ပါသည်။ မည်သည့် အစားအစာက ပေါ်လီဖီနောအများဆုံးပါဝင်သည့် စူပါအစားအစာဖြစ်သည်ဟူ၍မရှိပါ။ အရောင်စုံ၊ အသွေးစုံသည့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးနေခြင်းသည် ပေါ်လီဖီနောမျိုးစုံကို စားသုံးနေခြင်းပင်ဖြစ်ပါသည်။ ပေါ်လီဖီနောအမျိုးမျိုးသည် ကျန်းမာရေးအတွက် ကောင်းကျိုးအဖုံဖုံကို ပေးစွမ်းနိုင်ခြင်းကြောင့် အမျိုးစုံအောင် စားသုံးပေးပါက ပိုမိုကောင်းမွန်ပါသည်။ ပေါ်လီဖီနောတစ်မျိုးနှင့်တစ်မျိုးပေါင်းစပ်ခြင်းက အာနိသင်ကို ပိုမိုထက်မြက်စေသည့်အတွက် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို တတ်နိုင်သမျှ အမျိုးအစားစုံလင်အောင် စားသုံးပေးခြင်းက ကျွန်ုပ်တို့၏ အထွေထွေကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပါလိမ့်မည်။

အပင်နှင့် အသီးအရွက်များမှ အဆီအနှစ်ထုတ်ကာပြုလုပ်ထားသည်ဆိုသော ဖြည့်စွက်စာများနှင့် ဆေးဝါးများကလည်း အထိုက်အလျောက် အကျိုးရှိစေမည်ဖြစ်ပါသည်။ သို့သော်လည်း ပေါ်လီဖီနောဆိုသည်မှာ အမျိုးအစားစုံလေ ပိုကောင်းလေဖြစ်ခြင်းကြောင့် ပါဝင်ပစ္စည်းတစ်မျိုး၊ နှစ်မျိုးသာ ပါဝင်သည့် ဖြည့်စွက်အာဟာရနှင့် ဆေးဝါးဆိုသည်များကို ဈေးကြီးပေးကာ သောက်သုံးကြခြင်းထက် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို အမျိုးအစားစုံလင်စွာ စားသုံးပေးခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- Polyphenols, Science Focus, February 2025.

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စိုက်ပျိုးသီးနှံပင်အတွက် အာဟာရဓာတ်ပြည့်ဝစေရေး ပေါင်းစပ်ဆောင်ရွက်မှုများ

မူမူ(မလှိုင်)

စိုက်ပျိုးသီးနှံပင် ကောင်းစွာဖွံ့ဖြိုးရှင်သန်ရေးအတွက် "အရင်းစစ်သော် အမြစ်မြေက" ဆိုစကားလည်းရှိခဲ့သည်။ သီးနှံတစ်ပင် ဖြစ်ထွန်းမှုကို လေ့လာသော် အစေ့အညှောက်ပေါ်ချိန်မှစ အပင်ရိတ်သိမ်းသည်ထိ အပင်အမြစ်၏ ပွံ့ပိုးမှုသည် အဓိကဖြစ်သည်ကို နားလည်ကြမည်။ အမြစ်လေးထိုးဝင်ရှင်သန်ရာ၊ ကြီးထွားဖွံ့ဖြိုးရေးအတွက် ပင်မအစာအာဟာရရရှိရာ၊ ကြံ့ကြံ့ခိုင်ခိုင်ထောက်ကူပေးရာနေရာသည် သူပေါက်ရောက်ရှင်သန်နေရသည့် မြေပြင်၏ အခြေအနေမှာ များစွာတည်မှီနေရကြောင်း သိရှိနိုင်သည်။

စိုက်ပျိုးရေးမှာ အထွက်နှုန်းမြင့်မားရေးအတွက် သီးနှံအမည်သစ်များ၊ စပ်မျိုးသစ်များ ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းဆောင်ရွက်ကြရာ စိုက်ခင်းမြေပြင်ခြင်းသည်လည်း ယခင်မိရိုးဖလာစိုက်ပျိုးမှုလို "လှည်းကြမ်းနှင့် ကပ်ကြမ်းခင်း၍" ခရီးသွားလို့မရတော့ပေ။ စစိုက်ပျိုးရန် မြေပြင်သည်မှ အပင်ရှင်သန်ကြီးထွားချိန် ရာသီတစ်လျှောက်လုံး ဂရုတစိုက်ပြုပြင်စောင့်ရှောက်မှုလုပ်ငန်းများစွာယှဉ်တွဲလာသည်။ အပင်အတွက် အာဟာရ ပြည့်စုံလုံလောက်မှု၊ ရေအစိုဓာတ်ပေးနိုင်မှု၊ပိုးမွှားရောဂါကာကွယ်ပေးနိုင်မှု၊ ပေါင်းမြက်ကင်းစင် ဆောင်ရွက်ပေးနိုင်မှု၊ အဆိုပါလုပ်ငန်းအားလုံးအဆင်ပြေချောမွေ့နေသော်လည်း စိုက်ပျိုးရာသီတွင်းသဘာဝရာသီဥတုအခြေအနေနှင့် စိုက်ပျိုးသီးနှံနှစ်သက်သော လိုက်လျောညီထွေသည့် မိုးလေဝသ၊ လေထုအခြေနေ၊ အပူချိန်တို့ ညီညွတ်မျှတနေမှ ရည်မှန်းအထွက်ပန်းတိုင်ကို ပြည့်မီနိုင်မည်ဖြစ်သည်။

ဤနေရာတွင် စိုက်ပျိုးမြေသည် အရေးကြီးဆုံးအခန်းကဏ္ဍမှာ ပါဝင်နေကြောင်း သိရှိလေ့လာထားရန် လိုအပ်သည်။ "မြေဆီလွှာသည် အစားထိုးမရသော သဘာဝသယံဇာတအရင်းအမြစ်ဖြစ်သည်" ဟု ပြောကြသည်ပင်မဟုတ်လား။

**မြေဆီလွှာ**

မြေဆီလွှာဆိုသည်မှာ ကမ္ဘာ့အပေါ်ယံရှိအလွှာပါးဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုပြိုကွဲကျေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြည့်နေသော သက်ရှိပစ္စည်းများရောနှောပါဝင်ဖွဲ့စည်းထားသည်။ ယေဘုယျအားဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ရေပမာဏ ၂၅ ရာခိုင်နှုန်း၊ လေထုပမာဏ ၂၅ ရာခိုင်နှုန်း၊ သတ္တုဓာတ် ၄၅ ရာခိုင်နှုန်းနှင့် သစ်ဆွေးဓာတ် ငါးရာခိုင်နှုန်းရှိသည်။

**မြေဆီလွှာ၏ အရေးပါသောကဏ္ဍခွဲများ**


စိုက်ပျိုးမြေ၏အခြေအနေ အရေးပါသော လုပ်ငန်းဆောင်တာများအရ အခန်းကဏ္ဍများ ခွဲခြမ်းကြည့်လျှင် ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိနှင့် မြေတွင်းသက်ရှိတို့ ဖြစ်ပျက်ဆက်နွယ်မှုများကိုတွေ့ရှိနိုင်သည်။

ဤနေရာ၌ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတွင် မြေမျက်နှာပြင်အနေအထားနှင့် မြေ၏ကြမ်းတမ်းမှုနှင့် ချောမွေ့မှု၊ အကျယ်အဝန်းပမာဏ၊ မြေအတန်းစားနှင့် တိုက်စားခံရမှု၊ မြေ၏အစိုင်အခဲသိပ်သည်းဆ၊ မြေတွင်းစိမ့်ဝင်နိုင်စွမ်းနှင့် လေပေါက်ရေပေါက်ပျံ့နှံ့ပါဝင်မှု၊ ထိုးဖောက်ဝင်ရောက်နိုင်မှုနှုန်း၊ အသုံးချနိုင်သည့်ရေတည်နိုင်မှုစွမ်းအားနှင့် မြေအတိမ်အနက်စသည်တို့ပါဝင်သည်။

မြေ၏ ဓာတုဂုဏ်သတ္တိတွင် မြေချဉ်ငန်ဓာတ်၊ ဓာတ်သဘာဝများဆက်နွယ်ပြောင်းလဲမှု၊ မြေတွင်းဓာတ်ဖိုဖလှယ်နိုင်စွမ်းအား၊ အာဟာရများ၏ ပြောင်းလဲမှုစက်ဝန်း၊ အလေးချိန် သိပ်သည်းဆများသည့် သတ္တုဓာတ်များ၊ မြေတွင်းဓာတ်သဘာဝများညီမျှမှု၊ ကာဗွန်ဓာတ်ပေါင်းပါဝင်မှုအခြေအနေများဆက်နွယ်ပါဝင်သည်။

မြေ၏ ဇီဝဂုဏ်သတ္တိများကဏ္ဍမှာ သဘာဝမြေဆွေး၊ အဏုဇီဝများနှင့် သဘာဝမြေဆွေးထုအကြွင်းအကျန်များ၏ ဆွေးမြည့်မှုပြောင်းလဲမှုအချိန်ကာလ၊ တီကောင်ပါဝင်မှု၊ မြေတွင်းအင်ဖိုင်းများ၊ နီမတုတ်နှင့် အခြားရောဂါပိုးမွှားများ၊ မိုက်ခရိုရိုက်ဇာမှိုများမြေတွင်းနေသက်ရှိတို့၏ ရှင်သန်နေထိုင်မှုအတွက် မြေတွင်းလေဝင်လေထွက်များတို့ပါဝင်သည်။

မြေတွင်းသက်ရှိတို့ ဖြစ်ပျက်ဆက်နွယ်မှုများကဏ္ဍမှာ အာဟာရဓာတ်များ၏ ပြောင်းလဲနေမှုစက်ဝန်း၊ ရေအစိုဓာတ်တည်ရှိပါဝင်နိုင်မှု၊ တိုက်စားပျက်စီးမှုများ၊ ဇီဝဆိုင်ရာအပင်နှင့် သက်ရှိတို့ဆက်နွယ်နေမှု၊ မြေပြင်ပြုပြင်တည်ဆောက်ပြောင်းလဲနေမှုများပါဝင်နေသည်။




မြေဆီလွှာ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းတည်ဆောက်မှုမျှတရေးနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်စွမ်းရှိနေစေရန် မြေဆီလွှာကျန်းမာရေးတို့မှာ ပါဝင်နေသော အခန်းကဏ္ဍအသီးသီးအခြေအနေကောင်းများရှိနေစေရန် မြေဆီလွှာကို ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းပေးခြင်း၊ လေလွင့်ဆုံးရှုံးနိုင်မှုပြဿနာရပ်များကို ဆန်းစစ်၍ စနစ်တကျဆောင်ရွက်ခြင်းများ လိုအပ်လှသည်။ မြေတွင်း၌ မြေ၏ ဇီဝဂုဏ်သတ္တိ နှင့် မြေတွင်းနေ သက်ရှိတို့ ဖြစ်ပျက်ဆက်နွယ်မှုများကဏ္ဍများမှာ မြေဆီလွှာကျန်းမာရေးအတွက် အဓိကဆက်နွယ်နေသည်။ ထို့အတူ ကဏ္ဍလေးခုလုံးသည် မြေဆီလွှာ၏ အရည်အသွေးနှင့် ဆက်စပ်ပါဝင်နေသည်။

ထို့ကြောင့် မြေဆီလွှာတစ်ခု၏ကဏ္ဍတစ်ခုချင်းသည် မြေထဲတွင် အာဟာရဓာတ်များ ခိုအောင်းတည်ရှိနေနိုင်မှု၊ အစိုဓာတ်ကို ထိန်းသိမ်းပေးထားနိုင်မှု၊ ဓာတ်ဖို ဓာတ်မ ဖလှယ်နိုင်စွမ်းအား၊ အပင်အမြစ်တို့ ထိုးဝင်ရှင်သန်နိုင်စွမ်း၊ မြေတွင်းနေသက်ရှိတို့၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အားလုံးအကျုံးဝင်ဆက်စပ်မှုရှိနေကြောင်း သိရှိနိုင်သည်။

စိုက်ပျိုးမြေနှင့် သီးနှံအလိုက် မှန်ကန်သော အပင်အာဟာရစီမံခန့်ခွဲမှု (တိကျသောအပင်အာဟာရစီမံခန့်ခွဲမှု)သည် မြေဆီလွှာမပျက်စီးရေးအတွက် အဓိကဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ ဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများကို ပေါင်းစပ်၍ အပင်အာဟာရအဖြစ် ထည့်ပေးပြီး မြေတွင်းအာဟာရကို မြင့်မားစေသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မြင့်မားစွာ ထုတ်လုပ်မှုပေးနိုင်စေရန်နှင့် ကုန်ကျစရိတ်နည်းနည်းဖြင့် မြေဆီလွှာအာဟာရဓာတ်ပါဝင်မှု မြင့်လာစေရန် SSNM စနစ်သည် ကောင်းမွန်သည့် စိုက်စနစ်တစ်ခုဖြစ်သည်။

Site Specific Nutrient Management (SSNM) စနစ်၏ ဦးတည်ချက်(SSNM Aims) မှာ အချိန်မှန်အပင်အာဟာရဖြည့်ပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊ စိုက်ပျိုးသည့်သီးနှံပင်နှင့် လိုက်လျောညီထွေသောအာဟာရကို four key principles ဟုခေါ်သော မှန်လေးမှန်စနစ်ဖြင့် ဖြည့်စွက်ပေးရေးဖြစ်သည်။ SSNM ၏ လမ်းညွှန်ချက်မှာ တောင်သူစိုက်ကွင်းတွင် အပင်အာဟာရ ဖြည့်စွမ်းရာ၌ စနစ်တကျဆောင်ရွက်ရေးဖြစ်သည်။ ဓာတ်မြေဩဇာကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စေရေး၊ အလွန်အကျွံအသုံးပြုမှုရှောင်ရှားနိုင်စေရေး၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေး (တချို့ကိစ္စရပ်များတွင် ၅၀ ရာခိုင်နှုန်းထိလျှော့ချ) ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းတိုးစေခြင်း၊ အမြတ်များစေခြင်း၊ သီးနှံကို ဈေးကွက်ဝင်အရည်အသွေးသို့ တိုးတက်စေခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေခြင်းဖြစ်သည်။

ဥပမာအားဖြင့် စပါးစိုက်တောင်သူတစ်ဦးအတွက် SSNMစနစ်၏ နည်းအားဖြင့် အရောင်တိုင်းကတ်ဖြင့် စပါးပင်နိုက်ထရိုဂျင်လိုအပ်ချက်ကို ဖြည့်ပေးခြင်း၊ စပါးသီးနှံကျွမ်းကျင်သူနှင့် စပါးသီးနှံအထူးပြုစီမံခန့်ခွဲသူတို့မှ စပါးအထွက်တိုးရေး၊ ရည်မှန်းအထွက်နှုန်းရရှိရေး ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

စိုက်ခင်းအတွက် ဘက်စုံအာဟာရဖြည့်စွက်ရေးစီမံခန့်ခွဲခြင်းသည်လည်း ခေတ်မီစိုက်ပျိုးထုတ်လုပ်ရေးတွင် အသုံးချမှုများလာသောနည်းစနစ်ဖြစ်သည်။ ဓာတ်မြေဩဇာတစ်မျိုးတည်း အသုံးပြုခြင်းသည် မြေတွင်းဓာတ်ပြောင်းလဲမှု Mineralization ၌ အပင်မှ အာဟာရစုပ်ယူခြင်း၊ အငွေ့ပြန်ဆုံးရှုံးခြင်း၊ ရေနှင့်ရောပါက စိမ့်ဝင်ပျောက်ဆုံးခြင်းတို့ဖြင့် အပင်အာဟာရများပျောက်ဆုံးမှုပမာဏ များပြားသည်။ Integrated nutrient management စနစ်မှာ သီးနှံပင်ကြွင်းကျန်များ၊ တိရစ္ဆာန်အညစ်အကြေးများနှင့် မြေဆွေးသစ်ဆွေးဓာတ်များ ရောနှောအသုံးပြုကြသဖြင့် Mineralization ကြောင့် အငွေ့ပြန်ဆုံးရှုံးခြင်းနှင့် ရေနှင့်ရောပါက စိမ့်ဝင်ပျောက်ဆုံးခြင်းလျော့နည်းစေပြီး မြေမှာ သဘာဝမြေဆွေးဓာတ်တိုးစေခြင်း၊ မြေ၏ ဓာတုဂုဏ်သတ္တိ၊ ရုပ်ဂုဏ်သတ္တိတိုးတက်ကောင်းမွန်စေခြင်း၊ ဇီဝသတ္တိများကောင်းမွန်တိုးတက်စေခြင်းဖြင့် မြေဆီလွှာကျန်းမာစေခြင်း အကျိုးကျေးဇူးများရရှိစေသည်။

ဘက်စုံအာဟာရဖြည့်စွက်ရေးမှာ လိုအပ်မည့်သွင်းအားစု၊ သီးနှံပင်စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းအပြီးဆုံးရှုံးနိုင်မှုများကို စဉ်းစားချင့်ချိန်ပြီးညီမျှအောင်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် စိုက်ပျိုးထုတ်လုပ်ရေးတွင် စီးပွားရေးတွက်ခြေကိုက်မှုနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုတို့ကို ချိန်ညှိဆောင်ရွက်ခြင်းကဏ္ဍများပါဝင်သဖြင့် ပိုမိုကျယ်ပြန့်သော လုပ်ငန်းအကျိုးရလဒ်များကို ရရှိစေသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ကဏ္ဍပေါင်းစုံဆက်စပ်ဆောင်ရွက်ပေးခြင်း၊ အပင်အာဟာရဖြည့်စွက်မှုတွင် ဓာတ်မြေဩဇာတစ်မျိုးထဲ ဖြည့်စွက်ပေးခြင်းကို အားမပြုဘဲ ရရှိနိုင်သမျှ ဖြစ်နိုင်သမျှသော စိုက်ကွင်းမှ ပြန်လည်အသုံးပြုနိုင်သော သီးနှံအကြွင်းအကျန်၊ တိရစ္ဆာန်အညစ်အကြေးများကို နေရာအခြေအနေအလိုက် မျှတစွာ ထည့်သွင်းသုံးစွဲပေးခြင်းတို့ဖြင့် အပင်အတွက် အာဟာရဓာတ်များရရှိနိုင်စေရုံသာမက မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ဓာတ်ဂုဏ်သတ္တိညီမျှစေသည်။ မြေတွင်းနေ အဏုဇီဝသက်ရှိတို့အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရာရောက်၍ မြေဆီလွှာ၏ အဆင့်အတန်းတိုးတက်စေသည်။ သီးနှံပင်အတွက် မျှတသော အပင်အာဟာရကို ရရှိစေရုံသာမက အပင်အမြစ်ထိုးဝင်ကြီးထွားသန်စွမ်းမှုကို အားပေးရာရောက်၍ အထွက်နှုန်းကောင်း အရည်အသွေးကောင်းထွက်ကုန်များကို ရရှိစေနိုင်သည်။

စီးပွားရေးအခြေအနေအရ သီးနှံထုတ်လုပ်မှုကို တိုးတက်စေခြင်း၊ အာဟာရအသုံးပြုမှု တိုးတက်စေခြင်း၊ သွင်းအားစုကုန်ကျစရိတ်လျော့နည်းစေခြင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်လျော့နည်းစေခြင်း၊ ဈေးနှုန်းကြီးမြင့်သောဓာတ်မြေဩဇာသုံးရမှုလျှော့ချနိုင်ခြင်း၊ အရည်အသွေးကောင်းထုတ်ကုန်ကြောင့် ထုတ်လုပ်မှုမြင့်မားသော စွမ်းအားရရှိနိုင်ခြင်း၊ ရင်းနှီးမှုနှင့် ပြန်လည်ရရှိမှု တိုးတက်စေခြင်းစသော အကျိုးအမြတ်များကို ခံစားနိုင်သည်။

ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ပါးစေသော သီးနှံထုတ်လုပ်မှုအဖြစ် ဘက်စုံအာဟာရဖြည့်စွက်ရေးမှာ အပင်အာဟာရဓာတ်ကို ညီမျှအောင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်၍ မြေတွင်းကာဗွန်စုဆောင်းမှုတိုးတက်စေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးမှုစနစ်ထွန်းကားလာစေခြင်း၊ လေထုတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့ကျစေခြင်း၊ မြေဆီလွှာကျန်းမာသန်စွမ်းစေခြင်း၊ မြေစိုင်ခဲတည်ဆောက်မှုတိုးတက်စေခြင်း၊ မြေဆီအဆင့်နိမ့်ပါးခြင်းနှင့် မြေဆီလွှာဆုံးရှုံးမှုကို ဟန့်တားထားနိုင်ခြင်း၊ မြစ်နှင့် ပင်လယ်သို့ မြေဆီလွှာအပေါ်ယံလွှာ၏ အညစ်အကြေးနှင့်အနည်ကျစုပုံမှုလျော့နည်းစေနိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် အစားစာထုတ်လုပ်ငန်းများမှ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချပေးနိုင်ခြင်းစသောပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေမှုများကို ထိန်းချုပ်ခြင်း၊ လျှော့ချပေးခြင်းပြုလုပ်နိုင်သည်။ ထိုမှဆက်နွယ်၍ လူ့ပတ်ဝန်းကျင်သန့်ရှင်းပြီး ကျန်းမာရေးအတွက် အထောက်အကူများ ရရှိနိုင်သည်။

တောင်သူဦးကြီးတိုင်း၊ စိုက်ပျိုးရေးကို အခြေခံစိုက်ပျိုးထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြသူတိုင်းသည် မိမိစိုက်ခင်းကို ဂရုစိုက်သကဲ့သို့ စိုက်ပျိုးမြေကို ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်ကြမည်ဆိုလျှင် စိုက်ပျိုးစွမ်းအားတိုးတက်နိုင်သည်။ ထို့ပြင် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်စွမ်းကိုပါရရှိစေပြီး ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းသော ကုန်ထုတ်လုပ်စနစ်ကို ဖော်ဆောင်နိုင်သဖြင့် အကျိုးကျေးဇူးများစွာ ရရှိသော စိုက်ပျိုးစီးပွားရေးစနစ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အာရှ-ပစိဖိတ်ဒေသတွင် စစ်ရေးစွမ်းဆောင်ရည်များပြသခဲ့သော တရုတ်နိုင်ငံ

မောင်သောင်းဝင်း(တမန်ဟောင်း)

တရုတ်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း တောင်ပစိဖိတ်၊ တန်ကင်ပင်လယ်ကွေ့နှင့် တရုတ်(တိုင်ပေ)အနောက်တောင်ဘက်ကမ်းလွန်နေရာများတွင်စစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။ ၎င်းစစ်ရေး လေ့ကျင့်မှုများသည် အာရှ-ပစိဖိတ်ဒေသရှိ စစ်နယ်ဝန်းပေါင်းစုံတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)၏ စွမ်းဆောင်ရည်ကိုပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများ၏နောက်ကွယ်က အကြောင်းတရားများနှင့်အနာဂတ်တွင် ဒေသတွင်း၌ ပေကျင်း၏လှုပ်ရှားဆောင်ရွက်လာနိုင်မှုများနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

**ဖြစ်ပျက်ခဲ့သောဖြစ်စဉ်များ**

ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် Hengyang ဖရီးဂိတ်စစ်ရေယာဉ်၊ Zunyi ခရူဇာစစ်ရေယာဉ်နှင့် Weishanhu ပံ့ပိုးရေးရေယာဉ်တို့ပါဝင်သော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)၏ ရေယာဉ်စုသည် ဩစတြေးလျနိုင်ငံ၊ အေဒင်မြို့၏မြောက်ဘက် ရေမိုင် ၃၄၆ မျက်နှာပြင်အကွာ နိုင်ငံတကာရေပိုင်နက်အတွင်း၌ စစ်ရေးလေ့ကျင့်မှုများစတင်ပြုလုပ်ခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)စစ်ရေယာဉ်စုသည် နိုင်ငံတကာစံနှုန်းများအတိုင်း ကြိုတင်သတိပေးမှုမလုပ်ဆောင်ခဲ့သဖြင့် ခရီးသည်တင်လေယာဉ်တစ်စင်းက ဩစတြေးလျလေကြောင်းလုပ်ငန်းသို့ သတိပေးမှသာလျှင် ဩစတြေးလျ စစ်ဘက်ခေါင်းဆောင်များသည် စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နေကြောင်းကို သိရှိခဲ့ရသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကြောင့် ခရီးသည်တင်လေယာဉ် ၄၉ စင်းသည် လေကြောင်းလမ်းပြောင်းလဲပျံသန်းခဲ့ရသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျည်စစ်ကျည်မှန်များဖြင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၂၄ ရက်ထိ လေကြောင်းခရီးစဉ်များ လမ်းကြောင်းပြောင်းလဲပျံသန်းခဲ့ရသည်။

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်နေ့ထိ တန်ကင်ပင်လယ်ကွေ့ တရုတ်ဘက်ခြမ်းရှိဘေဟိုင်းမြို့၏ အရှေ့တောင်ဘက်တွင် ကျည်စစ်ကျည်မှန်များဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ တရုတ်(တိုင်ပေ)စစ်ဘက်သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် Kaohsiung နှင့် Pingtung စီရင်စုများ၏ ရေမိုင် ၄၀ ခန့်အကွာတွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စစ်လေယာဉ် ၃၂ စင်းနှင့် စစ်ရေယာဉ် ခုနစ်စီးကို ခြေရာခံမိခဲ့သည်။ ၎င်းနေရာများသည် တရုတ်(တိုင်ပေ)စစ်ဘက်အခြေစိုက်စခန်းများနှင့် ဆိပ်ကမ်းများတည်ရှိသောနေရာပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) စစ်လေယာဉ် ၁၃ စင်းနှင့် စစ်ရေယာဉ်ခုနစ်စီးတို့သည် တရုတ်(တိုင်ပေ)ပတ်လည်ရှိ အခြားနေရာများတွင်စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် ဖေဖော်ဝါရီ၂၄ ရက်မှစ၍ စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သည့်အပြင် အရှေ့တရုတ်ပင်လယ်၊ ဖိလစ်ပိုင်ပင်လယ်ပြင်တို့တွင် မောင်းသူပါနှင့်မောင်းသူမဲ့လေယာဉ်များ ဆက်တိုက်ပျံသန်းခဲ့ရာ ဂျပန်နိုင်ငံပိုင်နက် ဝေဟင်ကိုဖြတ်ကျော်ခဲ့သဖြင့် ဂျပန်တိုက်လေယာဉ်များသည် ကြားဖြတ်ဟန့်တားနှောင့်ယှက်မှုများ လုပ်ဆောင်ခဲ့ရသည်။

**စစ်ရေးလေ့ကျင့်မှုများကိုဆန်းစစ်ကြည့်ခြင်း**

ယခင်ကတစ်နေရာတည်းသာ အလေးထားလုပ်ဆောင်ခဲ့သော တရုတ်ရေတပ်စစ်ရေးလေ့ကျင့်မှုများနှင့်နှိုင်းယှဉ်လျှင် အာရှ-ပစိဖိတ်ဒေသရှိ နယ်ပယ်ပေါင်းစုံတွင် ဆက်တိုက်ပြုလုပ်ခဲ့သော ယခုစစ်ရေးလေ့ကျင့်မှုများသည် အာရုံစူးစိုက်မှုပိုမိုမြင့်တက်လာစေခဲ့သည်။ တန်ကင်ပင်လယ်ကွေ့နှင့် တရုတ်(တိုင်ပေ)အနောက်တောင်ပိုင်းတို့တွင် ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများသည် ဒေသတွင်းအစိုးရများ၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် မကျေနပ်ကြောင်းကို ထုတ်ဖော်ပြသခဲ့ဖွယ်ခြင်းဖြစ်သည်။



ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် တန်ကင်ပင်လယ်ကွေ့၌ အခြေခံမျဉ်းသတ်မှတ်ချက်မြေပုံကိုထုတ်ပြန်ခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံကထုတ်ပြန်ခဲ့သော အခြေခံမျဉ်းသတ်မှတ်ချက်အပေါ် တုံ့ပြန်ခဲ့ခြင်းပင်ဖြစ်သည်။ တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည် တန်ကင်ပင်လယ်ကွေ့တွင် အချေအတင်ပြောဆိုမှုများမရှိသော်လည်း တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပွားနေသော နယ်မြေပိုင်ဆိုင်ရေးအငြင်းပွားမှုများကိုမူ ဖြေရှင်းနိုင်စွမ်းမရှိသေးပေ။ ဗီယက်နမ်နိုင်ငံ၏ တန်ကင်ပင်လယ်ကွေ့အခြေခံမျဉ်းကြေညာချက်သည် ကျည်စစ်ကျည်မှန်များနှင့် စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ရန် ပေကျင်း၏ဆုံးဖြတ်ချက်ကို အစပျိုးပေးလိုက်ဖွယ်ရာဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်သွားမည့် တရုတ်နိုင်ငံ၏ခိုင်မာသော ဆုံးဖြတ်ချက်ကို ပြသလျက်ရှိသည်။

တရုတ်(တိုင်ပေ)သည်တရုတ်နိုင်ငံ၏ 'စပ်ကြားနယ်မြေ'နည်းဗျူဟာများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ ၎င်းနည်းဗျူဟာအရ တရုတ်၏အရပ်ဘက်ရေယာဉ်များသည် စစ်မက်ကျူးကျော်ခြင်းမရှိဘဲ တရုတ်(တိုင်ပေ)၏ ကိုယ်ပိုင်ကာကွယ်ရေးစွမ်းဆောင်ရည်များချည့်နဲ့လာအောင် ဟန့်တားနှောင့်ယှက်လျက်ရှိသည်။ မကြာသေးမီနှစ်များက တရုတ်(တိုင်ပေ)သည် ပင်လယ်ပြင်အောက် ဆက်သွယ်ရေးကေဘယ်ကြိုးများချွတ်ယွင်းမှုကို အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသည်။

တရုတ်(တိုင်ပေ)အာဏာပိုင်များက တရုတ်နိုင်ငံနှင့်ဆက်နွှယ်သောကုန်တင်သင်္ဘောများသည် တရုတ်(တိုင်ပေ)၏ အရေးကြီးသောအခြေခံအဆောက်အအုံများကိုဖျက်ဆီးရန် ရည်မှန်းဆောင်ရွက်နေသည်ဟု သံသယဖြစ်ပေါ်လျက်ရှိသည်။ တရုတ်(တိုင်ပေ)ကမ်းခြေစောင့်တပ်ဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် တရုတ်(တိုင်ပေ)နှင့် Penghu ကျွန်းစုများကိုချိတ်ဆက်ထားသည့် ပင်လယ်ကြမ်းပြင်အောက် ကေဘယ်ကြိုးများကိုဖြတ်တောက်ခဲ့သည်ဟု သံသယရှိသော Hongtai ကုန်တင်သင်္ဘောကိုဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ စစ်ရေးလေ့ကျင့်မှုများသည် Hongtai သင်္ဘောကို ဖမ်းဆီးမှုအတွက် မကျေနပ်ကြောင်းပြသသည့် ခြိမ်းခြောက်မှုနည်းဗျူဟာတစ်ရပ်ဖြစ်နိုင်သည်။

သို့သော် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့အနီးတွင်ပြုလုပ်သော ရေတပ်စစ်ရေးလေ့ကျင့်မှုများသည် သီးခြားပဋိပက္ခအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ။ အဆိုပါနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ဆက်ဆံရေးသည် တင်းမာလျက်ရှိသော်လည်း စစ်ရေးလေ့ကျင့်မှုများမလုပ်ဆောင်မီ ကြီးမားသောပြဿနာများမရှိခဲ့ပေ။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် စစ်ဆင်ရေးဆိုင်ရာအတွေ့အကြုံများရရှိရန် ရည်ရွယ်ထားသည့်အတွက် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်များ လွှမ်းမိုးမှုကို ပြသခဲ့ပြီး ချင်းနင်းဝင်ရောက်သည့်လုပ်ငန်းစဉ်လည်းဖြစ်ပေသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)သည် မကြာသေးမီနှစ်များအတွင်း ပုံမှန်တိုးတက်လာလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးရေတပ်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပြီး ၎င်း၏သင်္ဘောကျင်းများသည် သင်္ဘောတည် ဆောက်နိုင်မှုစွမ်းဆောင်ရည်မြင့်မားလျက်ရှိသည်။ ထို့ပြင် PLAN ၏ တိုက်စွမ်းအားသည် အမေရိကန်ရေတပ်၏တိုက်စွမ်းအားနှင့်နီးကပ်လာနေပြီဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသတွင် PLAN သည် အခြားရေတပ်များထက် အရေအတွက်သာမက အရည်အသွေးပိုင်းတွင်လည်း သာလွန်လာပြီဖြစ်သည်။ တရုတ်နိုင်ငံသည် ဒေသတွင်း၌ ပေါင်းစပ်ရေတပ်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းအားဖြင့် ၎င်း၏ရေတပ်အသင့်ဖြစ်မှု အဆင့်မြှင့်တင်ပြီး ပြိုင်ဘက်နိုင်ငံများအား ၎င်း၏ စွမ်းဆောင်ရည်တိုးချဲ့လာမှုကို ပြသလျက်ရှိသည်။ အထူးသဖြင့် အနာဂတ်ပဋိပက္ခတွင် တရုတ်(တိုင်ပေ)၏အကူအညီများဖြစ်လာနိုင်သည့် ဩစတြေးလျနိုင်ငံနှင့် နယူးဇီးလန်နိုင်ငံတို့ကို စွမ်းဆောင်ရည်ပြသနေခြင်းပင်ဖြစ်သည်။

ထို့ပြင် အမေရိကန်၏ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးမူဝါဒများ ကမောက်ကမဖြစ်နေသည့်အချိန်တွင် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့အပါအဝင် ဒေသတွင်းရှိ အမေရိကန်၏မဟာမိတ်များအပေါ် လွှမ်းမိုးထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုများကို ဟန်ချက်ညီထိန်းညှိနိုင်ရန် မကြာသေးမီနှစ်များအတွင်း အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာအားကောင်းလာစေရန်ကြိုးပမ်းခဲ့သည်။ တရုတ်နိုင်ငံသည် အဆိုပါနိုင်ငံများအနီးရှိ ရေပိုင်နက်များတွင် စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်းအားဖြင့် စစ်လက်ရုံးဆန့်တန်းနေသည့်အပြင် အမေရိကန်မိတ်ဖက်များ၏ ကြံ့ကြံ့ခံနိုင်စွမ်းကိုလည်း စမ်းသပ်နေခြင်းဖြစ်သည်။ အထူးသဖြင့် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့သည့် အမေရိကန် ဦးဆောင်သော လုံခြုံရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံများကို မတည်မငြိမ်ဖြစ်အောင်လုပ်ဆောင်နေသောကြောင့်ပင်ဖြစ်သည်။

ဆိုရလျှင် အဆိုပါပေါင်းစပ်ရေးတပ် စစ်ရေးလေ့ကျင့်မှုများသည် အမေရိကန်နှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများ၏ ပြန်လည်တုံ့ပြန်ဆောင်ရွက်မှုနှင့်ဆုံးဖြတ်ချက်ကိုစမ်းသပ်ရန် ချင်းနင်းဝင်ရောက်သည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် ယူကရိန်းပဋိပက္ခအပေါ် ထရန့်အစိုးရအဖွဲ့၏ မူဝါဒအပြောင်းအလဲသည် တရုတ်(တိုင်ပေ)လုံခြုံရေးကိုခြိမ်းခြောက်လာပြီး အမေရိကန်၏ခိုင်မာသော ဆုံးဖြတ်ချက်နှင့် မဟာမိတ်များ၏အင်အားကို စမ်းသပ်ရန် တရုတ်နိုင်ငံ၏ချင်းနင်းဝင်ရောက်မှုလုပ်ငန်းစဉ်များ ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ အမေရိကန်အနေဖြင့် မဟာမိတ်များအတွက် ပံ့ပိုးမှုများအားနည်းလာသည့်အချိန်တွင် တရုတ်နိုင်ငံသည် ချင်းနင်းဝင်ရောက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် အာရှ-ပစိဖိတ် ဒေသအာဏာဟန်ချက်ကို ပြန်လည်ပုံဖော်တည်ဆောက်ရန် အင်အားအသုံးပြုသွားနိုင်ဖွယ်ရှိနေသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်အနေဖြင့် တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံ၏တိုက်ခိုက်လာမှုမှ ကာကွယ်ပေးသွားမည်လားဆိုသော မေးခွန်းအပေါ် သဘောထားမှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည့်အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုပင်လျှင် လူသိရှင်ကြား ထုတ်ဖော်ချီးကျူးခဲ့သည်။

**အနာဂတ်အလားအလာ**

ဒေါ်နယ်ထရန့်အစိုးရအဖွဲ့သည် အမေရိကန်၏ ဗဟိုအေဂျင်စီများကိုဖျက်သိမ်းခြင်း၊ ကာကွယ်ရေးအသုံးစရိတ်လျှော့ချခြင်းနှင့် ကမ္ဘာတစ်ဝန်းရှိမဟာမိတ်များနှင့် ခပ်ခွာခွာနေထိုင်လာခြင်းတို့ကြောင့် ပထဝီနိုင်ငံရေးဆိုင်ရာအန္တရာယ်များသည် တဖြည်းဖြည်းအရှိန်မြင့်တက်လာလျက်ရှိသည်။ ဥရောပမျက်နှာစာတွင် အမေရိကန်သည် ယူကရိန်းအရေး၌ NATO မဟာမိတ်များကိုဆန့်ကျင်ပြီး ရုရှားဘက်မှပင်ရပ်တည်လျက်ရှိသည်။ ထို့ပြင် ယူကရိန်း၏အရင်းအမြစ်များကို အမေရိကန်၏တောင်းဆိုမှုသည် ဥရောပနိုင်ငံများကို စိတ်ကသိကအောက်ဖြစ်စေလျက်ရှိသည်။ အလားတူ အာရှမဟာမိတ်များနှင့် အမေရိကန်နိုင်ငံ၏ဆက်ဆံရေးသည်လည်း စီးပွားရေးဆန်လာပြီး အချို့သောမဟာမိတ်များကို ပစ်ပယ်လိုက်ပြီဖြစ်သည်။

ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသတွင် မတည်မငြိမ်မှုများပိုမိုဖြစ်ပေါ်လာနိုင်သည်ကို မျှော်မှန်းထားရတော့မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် မကြာသေးခင်ကပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုများနည်းတူ အင်အားပြသမှုနှင့်ပြိုင်ဘက်နိုင်ငံများကို အားစမ်းသပ်မှုပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်လာဖွယ်ရာရှိနေသည်။ ထို့ကြောင့် တရုတ်ခေါင်းဆောင်များအနေဖြင့် အာရှ-ပစိဖိတ်ဒေသ၏ ရှိရင်းစွဲအနေအထားကို အင်အားသုံးပြန်လည်ပုံဖော်တည်ဆောက်နိုင်သည့်အချိန်ထိ စစ်ရေးလေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်သွားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- **Making Sense of China's Latest Naval Exercises in the Asia-Pacific By The Diplomat.**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန် ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန် ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ငါးတန်များအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးတန် ပိသာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးတန် ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးတန်ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ညောင်တုန်းမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ဆီ တင်ပို့ရောင်းချနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ အခုလို တင်ပို့မှုအားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ပိသာချိန် ၁၀လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

ဖြူး မတ် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ရေအိုးစင်ကျေးရွာရှိ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ် ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေအိုးစင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၂ ဦးထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**

# ပွင့်ဖြူမြို့နယ်တွင် မြေပဲ ဧက ၂၅၈၀ နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၅၄ ဒသမ ၆၃ တင်းထွက်ရှိ

ပွင့်ဖြူ မတ် ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲ ဧက ၂၅၈၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် မြေပဲ ၅၄ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မြေပဲစိုက်ခင်း များကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ မြေပဲဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ ဝင်ငွေတိုးပွားစေဖို့အတွက် မြေပဲ ၃၀၈၆ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲခင်းတွေ ပိုးမွှားကျရောက်မှု မရှိလို့ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ မြေပဲအထွက်နှုန်းတစ်ဧကကို၅၄ ဒသမ ၆၃ တင်း ထွက်ရှိပါတယ်။ မြေပဲနုတ်သိမ်းခြင်းနဲ့ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင်အချိန်မီ နုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီး မြေပဲများကို အမိုးအကာအောက်တွင် စနစ်တကျ ထားသိုသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေလုပ်ဆောင်ပေးပါ တယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းများကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံအောင်ဖြည့်ဆည်းပေးနိုင်ရုံသာမကပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်သောကြောင့် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

နေပြည်တော် မတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ စက်ကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

စက်ကုန်းကျေးရွာ၌ အရှည်ပေ ၁၉၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၅ ဒသမ ၄၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းလက်ပိုင်ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၂၁ အိမ်၊ လူဦးရေ ၅၈၁ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေရရှိနိုင်တော့မည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။

**သူသူ**

# ဘားအံမြို့နယ် ချမ်းသာ(ရွာသစ်)ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဘားအံ မတ် ၅

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက ကော့စိန်ဘန်း (အောက်) ကျေးရွာအုပ်စု ချမ်းသာ(ရွာသစ်)ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ချမ်းသာ(ရွာသစ်)ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ချမ်းသာ(ရွာသစ်)ကျေးရွာ၌ လမ်းအရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၃ သန်း၊ စုစုပေါင်းရန်ပုံငွေ ၁၈ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် အခြေခံအဆောက်အအုံများပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံး



ဂျကာတာ မတ် ၅

အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါဒေသတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် မတ် ၂ ရက်မှစ၍ ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ရာ အခြေခံအဆောက်အအုံများထိခိုက်ပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ၏ မတ် ၃ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ မတ် ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါဒေသတွင်မတ်၂ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဘိုဂေါမြို့၊ ပန်ခက်မြို့၊ စီစာရူရာမြို့တို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ တံတားခုနစ်စင်း ပျက်စီးမှုဖြစ်ပွားခဲ့ပြီး ဘိုဂျောင်ဂီဒီခရိုင်၊ ရမ်ပင်ခရိုင်၊ ပရမ်ပန်ဂျင်ခရိုင်တို့တွင်လည်း နေအိမ်နှင့် လမ်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသတွင်းနေရာအနှံ့ အပြားတွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကာ မိသားစု ၃၈၁ စုမှ လူပေါင်း ၁၃၉၉ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရကြောင်း ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီနှင့် မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပအေဂျင်စီတို့၏ ထုတ်ပြန်ချက်များအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် တောင်ကုန်း၊ တောင်စောင်းဒေသများတွင် နောက်ထပ်မြေပြိုမည့် အန္တရာယ်များ တိုးလာနိုင်ကြောင်း၊ နောက်သုံးရက်ထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပအေဂျင်စီက သတင်းထုတ်ပြန်ထားသည်ဟု သိရသည်။

Ref : Russia Today
Trs : AZH

# ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် လာမည့်လများအတွင်း လူဦးရေတစ်သန်းခန့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်ရနိုင်

ဂျီနီဗာ မတ် ၅

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် လာမည့်လများအတွင်း လူဦးရေ တစ်သန်းခန့် စားနပ်ရိက္ခာ မလုံလောက်မှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)က မတ် ၃ ရက်တွင် သတိပေးခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံအတွက် စားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ နောက်ဆုံး ဆန်းစစ်ချက်များအရ နိုင်ငံအတွင်း လူဦးရေ ၃ ဒသမ ၄ သန်းသည် စားနပ်ရိက္ခာအကျပ်အတည်းကြောင့် ငတ်မွတ်မှုဖြင့် ရင်ဆိုင်နေရပြီး လာမည့် ဧပြီလမှ ဇွန်လအတွင်း စားနပ်ရိက္ခာအကျပ်အတည်းကြုံတွေ့ရသူ ဦးရေ ၄ ဒသမ ၄ သန်းထိ တိုးလာနိုင်ကြောင်း၊ ဆိုမာလီယာနိုင်ငံသည် ၂၀၂၂ ခုနှစ်နှောင်းပိုင်းမှစတင်၍ မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာ အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခဲ့ကြောင်း WFP ၏ဒါရိုက်တာဖြစ်သူ ဂျိမ်းမာတင်ဘောင်ဝါက ဂျီနီဗာတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ မိုးခေါင်ရေရှားမှုကြောင့် သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ စားကျက်မြေများလျော့နည်းလာခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ကြောင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုသည် နှစ်စဉ်ထုတ်လုပ်မှု၏ ပျမ်းမျှအောက် ၄၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း WFP ၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုသည် တောင်ပိုင်းတွင် ပိုမိုဖြစ်ပွားလျက်ရှိပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၆၄ ရာခိုင်နှုန်းခန့် သက်ရောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ယခုနှစ် ဒီဇင်ဘာလထိ ကာလအတွင်း အသက် ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၇ သန်းခန့်သည် အာဟာရချို့တဲ့မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



ကင်ဘာရာ မတ် ၅

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် ဘယ်လာရက်မြို့အနီး၌ မတ် ၃ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီး လောင်ကျွမ်းမှုသည် နေအိမ်များနှင့် နီးကပ်နေသည့်အတွက် မတ် ၄ ရက်မှစ၍ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဘယ်လာရက်မြို့အနီးရှိ ဘုနင်ယန်တောင်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့များ ဖြန့်ခွဲကာ တောမီးကို ငြိမ်းသတ်လျက်ရှိကြောင်း၊ တောမီးသည် ဘယ်လာရက်မြို့အနီးသို့ ကူးစက်လောင်ကျွမ်း လာခြင်းကြောင့် စကော့ဘက် အခြေခံမူလတန်းကျောင်းကိုလည်း ယာယီပိတ်ထားပြီး အနီးပတ်ဝန်းကျင်မှ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဘုနင်ယန်တောင်ကနေ စတင်လောင်ကျွမ်းနေတဲ့ တောမီးဟာ နေအိမ်တွေနဲ့ နီးကပ်လာတဲ့အတွက် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေပါတယ်။ အချို့ကတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်းမရှိသေးပါဘူး။ နောက်မကျမီ အမြန်ဆုံး ရွှေ့ပြောင်းဖို့ လိုအပ်ပါတယ်။ စကော့ဘက်စာသင်ကျောင်းကိုလဲ ယာယီပိတ်ထားလိုက်ပါပြီ။ လေတိုက်နှုန်းတွေ မြင့်မားနေတဲ့အတွက် တောမီးဟာ နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု ဗစ်တိုးရီးယား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တက္ကဆက်ပြည်နယ်တွင် အားကောင်းသည့်လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်

ဝါရှင်တန် မတ် ၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒါးလတ်စ်မြို့တွင် မတ် ၄ ရက်က အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် မုန်တိုင်းအသွင် အားကောင်းခဲ့ပြီး ဘိုးဘွားရိပ်သာ အဆောက်အအုံတချို့နှင့် စာသင်ကျောင်းတချို့လည်း အမိုးများပျက်စီးခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် လူဝီစီယားနားပြည်နယ် နယူးအော်လင်းမြို့သို့ ဦးတည်တိုက်ခတ်ခဲ့ပြီး အပျက်အစီးတချို့ ရှိခဲ့ကြောင်း၊ လေတိုက်နှုန်းမြင့်မားခြင်းကြောင့် အပျက်အစီးများခဲ့ပြီး အဆောက်အအုံအမိုးများ လန့်ကျမှုများမှာ အန္တရာယ်ရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၃ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး အိုကလာဟိုးမားပြည်နယ် အာဒါမြို့လည်း လေဆင်နှာမောင်းဒဏ်သင့်ခဲ့ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်တွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်ပေါင်း ၄၀၀၀၀၀ ကျော်၊ လူဝီစီယားနားပြည်နယ်တွင် နေအိမ်ပေါင်း ၃၀၀၀၀ ကျော်၊ မစ္စစ္စပီပြည်နယ်တွင် နေအိမ်ပေါင်း ၂၅၀၀၀ ကျော်၊ အလာဘားမား ပြည်နယ်တွင် နေအိမ်ပေါင်း ၂၀၀၀၀ ကျော်၊ အိုကလာဟိုးမား ပြည်နယ်တွင် နေအိမ်ပေါင်း ၁၅၀၀၀ ကျော်ထိ ရှိကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စုတွင် တောမီးလောင်မှု စတင်ထိန်းချုပ်နိုင်ပြီဖြစ်

တိုကျို မတ် ၅

ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စုတွင် ရက်သတ္တပတ် နှစ်ပတ်ကြာ လောင်ကျွမ်းနေသည့် တောမီးကို မတ် ၄ ရက်မှစ၍ စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း Fire and Disaster Management Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးကာ အပူချိန်မြင့်တက်လာခြင်းကြောင့် တောမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လောင်ကျွမ်းနေသည့် တောမီးသည် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှု ဖြစ်ကြောင်း၊ မတ် ၄ ရက်က မိုးအနည်းငယ် ရွာသွန်းလာခြင်းကြောင့် ထိန်းချုပ်ရခက်သည့် တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်လာနိုင်ခြင်း ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် မိုးရွာသွန်းမှုကြောင့် အရှိန်လျော့ကျသွားခဲ့ပြီဖြစ်သော်လည်း မီးခိုးငွေ့များ နေရာအနှံ့ ဖုံးလွှမ်းလျက်ရှိပြီး မီးခိုးများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း Fire and Disaster Management Agency က ထုတ်ပြန်ခဲ့သည်။

"မီးသတ်တပ်ဖွဲ့တွေဟာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မြေပြင်မှာ နေ့ညမနားကြိုးစားငြိမ်းသတ်ပေးနေပါတယ်။ ရက်သတ္တပတ် နှစ်ပတ်ကြာ လောင်ကျွမ်းနေတဲ့ တောမီးဟာ နှစ်ပေါင်း ၅၀ အတွင်း ဂျပန်နိုင်ငံမှာလောင်ကျွမ်းတဲ့ တောမီးတွေထဲက အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုဖြစ်ပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်နေတယ် ဆိုပေမဲ့ မိုးရွာသွန်းလာမှုကြောင့် တောမီးကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါတယ်။ မကြာမီ ဆီးနှင်းကျဆင်းလာနိုင်တဲ့အတွက် တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်လာနိုင်တော့မဲ့ အခြေအနေဖြစ်ပါတယ်"ဟု Fire and Disaster Management Agency မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat











## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ သဇင်လမ်းနေ ဦးကျော်ဝင်းဆွေ + ဒေါ်မြမြငွေးတို့၏သား မောင်စိုင်းဝေယံနိုင် (၉/ပဥလ(နိုင်)၀၅၂၉၆၀)သည် မိဘစကားနား မထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ဝင်းဆွေ(၉/မရမ(နိုင်)၀၁၂၄၆၅)

ဒေါ်မြမြငွေး(၉/မရမ(နိုင်)၀၁၂၄၆၆)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ရဲမွန်တောင်ရပ်နေ မောင်ကျော်နိုင် (ဘ) ဦးကော်ကျားစိန် (၁၃/နခတ(နိုင်)၁၃၅၄၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၈၂၄၀၇၂၈၇

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ အကွက်(၆၅၅) ဟေမမာလာ(တောင်)နေ ဒေါ်လီကျင်းဇင် (ဘ) ဦးလီကျုံဟွာ(၁၃/လရန(နိုင်)၀၆၃၅၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 750463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၂၀၇၇၆၆

## အိမ်ပြင်ပဥ္စ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ယာဉ်မောင်း (၃)ဦး အလိုရှိသည်

မန္တလေးမြို့ရှိ MIA(Myanmar International Academy)ကိုယ်ပိုင်အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်း (၃)ဦး အလိုရှိပါသည်။

အောက်ဖော်ပြပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ယာဉ်မောင်းလိုင်စင် (ခ) သို့ (င) လိုင်စင်ရှိသူဖြစ်ရမည်။

( ခ ) အသက် (၃၅)နှစ် ဝန်းကျင်ရှိရမည်။

( ဂ ) အရက်၊ ကွမ်း၊ ဆေးလိပ်ကင်းရှင်းသူဖြစ်ရမည်။

(ဃ) CV Form ဖြည့်စွက်တင်ပြရမည်။ (ယာဉ်မောင်းလိုင်စင်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲလျက်)

လိပ်စာ။ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၄၀ x ၅၉ လမ်းထောင့်၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဆက်သွယ်ရန် ဖုန်းနံပါတ် 09-964433329

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း/သာမန် အသုံးစရိတ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် ဝယ်ယူရန်လျာထားသည့်ကတ္တရာအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါကြောင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည် မြို့နယ် (၉) မြို့နယ်၏ မြို့ရေပေးရေးလုပ်ငန်းများအတွက် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း(၁၂)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (၁) | ကတ္တရာ(၆၀/၇၀) | | ၁၂၁.၁၁ တန် |
| (၂) | ကတ္တရာ(၈၀/၁၀၀) | | ၂၉၀.၁၁၉ တန် |
| | စုစုပေါင်း | | ၄၁၁.၂၂၉ တန် |
| (၃) | ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း | | Lot (၁၀)ခု |

လျှောက်လွှာစတင်ရောင်းချရက် - ၆-၃-၂၀၂၅

တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၈-၃-၂၀၂၅

တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ၂၆ လမ်းနှင့် ပြင်ဦးလွင်မြို့ပတ်လမ်းထောင့်၊ ဖုန်း ၀၂-၄၀၅၇၀၀၄၊ ၄၀၅၇၀၀၅၊ ၀၉-၂၁၇၄၃၂၄၊ ၀၉-၄၄၂၂၁၂၃၃၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာချာလီသန်းနှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

